# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၅၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အဦသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

## ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အဦသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။


*စာမျက်နှာ ၃ ကော်လံ ၁ ➜*





# ဒီမိုကရေစီရှေ့ခရီး မဝေးတော့ပြီ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် ရက်ပေါင်း (၁၀၀) အလိုသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲကျင်းပမည့်ရက်၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံ စသည်ဖြင့် ထူးခြားသည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားသည့် ရွေးကောက်ပွဲကြီးသည် မိမိတို့နိုင်ငံတော်ကြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် အရေးကြီးသည့် ရွေးကောက်ပွဲကြီးဖြစ်သည်။

"ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ပြီး လွှတ်တော်သည်လည်း သိက္ခာရှိသည့် လွှတ်တော်ဖြစ်ရမည်ဖြစ်ကြောင်း"

"ရွေးကောက်ခံမည့် ကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ တို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သူဖြစ်ရန်လိုကြောင်း" တို့ကို နိုင်ငံတော်အကြီးအကဲက ပြောကြားထားပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြသည်။

ဒီမိုကရေစီစနစ် ရှင်သန်ရေးအတွက် အဓိကကျသည့် အန္တရာယ်များတွင် ကိုယ်စားလှယ်ကောင်းများရွေးချယ်နိုင်ရေးအတွက် လုံလောက်သည့်ဉာဏ်ပညာ ပြည်သူများတွင် မရှိခြင်း၊ နိုင်ငံသားတို့၏အခွင့်အရေးနှင့် ရပိုင်ခွင့်များအပေါ် စိတ်ဝင်စားမှု မရှိခြင်း၊ ရွေးကောက်ပွဲများအပေါ် စိတ်ဝင်စားမှုနည်းပါးခြင်း၊ ဒေသစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ စိတ်ဓာတ်များ ကြီးမားခြင်း စသည်တို့ပါဝင်ပြီး ပြည်သူများနှင့် သက်ဆိုင်သည့်အချက်များပင် ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားများအဖို့ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများတွင် မဲပေးခြင်းက နိုင်ငံသားအခွင့်အရေးတစ်ရပ်ကို ကျင့်သုံးခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သော မဲတစ်ပြားကို တန်ဖိုးထားကြရန်လိုပြီး မိမိတို့ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်လောင်းသည် နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်သူဖြစ်ရန်လိုသည်။ ဒီမိုကရေစီကို အလေးထား၍ ဖော်ဆောင်နိုင်သူ၊ နိုင်ငံ့အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူမျိုးကိုသာ ရွေးကောက်တင်မြှောက်ပေးနိုင်ကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲနီးကပ်လာပြီး ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးချိန်တွင် ၎င်းတို့၏ အရည်အသွေး အရည်အချင်းတို့ကို မဲဆန္ဒရှင်များ အကဲခတ်လေ့လာခွင့်ရရှိနိုင်ကြမည်ဖြစ်သည်။ မဲဆွယ်စည်းရုံးချိန်သည် မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းတို့ မျက်နှာချင်းဆိုင်တွေ့ဆုံခွင့်ရသည့် အခွင့်အရေးပင်ဖြစ်ပြီး မရှင်းလင်းသည့်အချက်အလက်များကို မေးမြန်းဆွေးနွေးနိုင်သည့် အချိန်အခါလည်းဖြစ်ရာ မိမိတို့ယုံကြည်သည့် ကိုယ်စားလှယ်လောင်းကို ချိန်ထိုးဆုံးဖြတ်နိုင်ရန် မဲဆွယ်ဟောပြောမှုတိုင်းကို တက်ရောက်နားထောင်ကြရမည်ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့ရွေးချယ်ရမည့် ကိုယ်စားလှယ်လောင်းများသည် လုံလောက်သည့် ဉာဏ်ပညာနှင့် အမြော်အမြင်တို့ ရှိ မရှိ၊ ပြည်သူလူထုကို အမှန်တကယ် အလေးထားခြင်း ရှိ မရှိ၊ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားခြင်း ရှိ မရှိ၊ လက်တွေ့အကျိုးဖြစ်ထွန်းစေနိုင်မည့်မူဝါဒများနှင့် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှိ မရှိ စသည်တို့ကို ဆန်းစစ်ကြရန်လိုပြီး မစားရဝခမန်းအပြောများနှင့် လူပြိန်းအကြိုက် မဲဆွယ်သည့် လုပ်ရပ်မျိုးတို့ကို ဝေဖန်သုံးသပ်နိုင်ကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲအလွန်ကာလတွင် ပြည်သူက ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် လွှတ်တော်များ၊ အစိုးရအဖွဲ့တို့နှင့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ခရီးဆက်ကြရမည်ဖြစ်ရာ နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများကို နှလုံးရည်ပြည့်ဝစွာ ဉာဏ်ပညာဖြင့် ရွေးကောက်ရမည့်ချိန်ခါ မဝေးတော့ပြီဖြစ်ပါကြောင်း။ ။

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များ အားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ၁၈-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉ - ၉ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၃၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၀၅ | ၃၂၆၀ | ၂၉၀၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၂၈၅ |
| 95 Ron | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၅၆၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၈၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၈၅ | ၂၇၁၀ | ၂၇၃၀ | ၂၆၄၅ | - | ၂၈၄၀ | ၂၆၆၅ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၀၀ |
| HSD (50 ppm) | ၃၀၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၀၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၈၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၀၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၀၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၈၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၂၇ | ၂၈၁၅ |
| 95 Ron | ၂၈၀၁ | ၂၈၉၁ |
| HSD (500 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - | ဟန်လင်းအောင် | သတင်းထောက်မှူး - | ခင်ရတနာ |
| စာတည်းမှူး - | မြင့်စိုး | အကြီးတန်း - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့် ပညာရေးကဏ္ဍကို အလေးပေး မြှင့်တင်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။

○ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အဦသစ် ဖွင့်ပွဲကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

**ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲကျင်းပ**

အစီအစဉ်အရ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အဦသစ်အား တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အဦသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အဦသစ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်ဒုတိယပိုင်းအဖြစ် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အဦသစ်အတွင်း၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့တော်ခန်းမအဆောက်အဦသစ်ဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၄ သို့*

❒ **၂၀၂၁ ခုနှစ်မှစပြီး တနင်္သာရီတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်တန်း အောင်ချက်များကိုကြည့်ပါက ၂၀၂၁ ခုနှစ်တွင် ၄၅ ဒသမ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၃ ပညာသင်နှစ်တွင် ၆၈ ဒသမ ၀၃ ရာခိုင်နှုန်း၊ ၂၀၂၃-၂၄ ခုနှစ်တွင် ၄၈ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့၊ ယခု ၂၀၂၄-၂၅ ပညာသင်နှစ်တွင် ၅၀ ဒသမ ၅၈ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် အောင်မြင်မှုရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်ကို တွေ့ရှိရ**



တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်တို့က ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အဦသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

အဆိုပါ ထားဝယ်မြို့တော်ခန်းမအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်တွင် ထားဝယ်မြို့သို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်မြို့၌ လိုအပ်လျက်ရှိသည့် မြို့တော်ခန်းမကို တည်ဆောက်ရန်ခွင့်ပြုဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ စတုရန်းပေ ၄၀၃၆၄ ရှိပြီး တစ်ထပ်ခွဲ RCC အဆောက်အဦအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

**ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်းနှင့် ပညာရေးကဏ္ဍကို အလေးပေးမြှင့်တင်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတပြည့်ဝကြရန်လိုကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးကြောင်း၊ ထိုသို့ အဘက်ဘက်မှ ပြည့်စုံရန်အတွက် နိုင်ငံသားတိုင်း ပညာတတ်ရန် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ်ကို ချမှတ်ထားကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးကို မြှင့်တင်ပေးနေသကဲ့သို့ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များ၊ တက္ကသိုလ်ဝင်တန်းတွင် ထူးထူးချွန်ချွန်အောင်မြင်ကြသူများကို နှစ်စဉ် ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ယခုအခမ်းအနားတွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မမြတ်ရတနာသင်းကို ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ၆ ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

၂၀၂၁ ခုနှစ်မှစပြီး တနင်္သာရီတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်တန်း အောင်ချက်များကိုကြည့်ပါက ၂၀၂၁ ခုနှစ်တွင် ၄၅ ဒသမ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၃ ပညာသင်နှစ်တွင် ၆၈ ဒသမ ၀၃ ရာခိုင်နှုန်း၊ ၂၀၂၃-၂၄ ခုနှစ်တွင် ၄၈ ဒသမ ၃၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၅ ပညာသင်နှစ်တွင် ၅၀ ဒသမ ၅၈ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် အောင်မြင်မှုရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ဂုဏ်ထူးရရှိမှုများအနေဖြင့် (၄)နှစ်တာကာလအတွင်း ၆ ဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ၆၂ ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၁၁၀၊ ၃ ဘာသာဂုဏ်ထူးရှင် ၁၆၄ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၄၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၆၃ ဦးရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် (၄)နှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့်(၁)တစ်ဦးရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ပညာရေးကဏ္ဍ ပိုမိုတိုးတက်လာခြင်းသည် မိဘဆရာများ၏ စေတနာနှင့်ဝတ္တရား ကျေပွန်စွာပူးပေါင်းဆောင်ရွက်မှုအပြင် ကျောင်းသားကျောင်းသူများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်မှ ယနေ့ ၂၀၂၅ ခုနှစ်အထိ (၄)နှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများအနက် ဆေးတက္ကသိုလ်တက်ရောက်နေသူ ၁၈ ဦး၊ နည်းပညာတက္ကသိုလ် တက်ရောက်နေသူ ၁၅၂ ဦး၊ ထားဝယ်မြို့ Polytechnic University တွင် ၁၉၆ ဦး ပညာသင်ကြားလျက်ရှိသည်ဟု သိရကြောင်း၊ ထို့အပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၄)ခရိုင်လုံးတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၄)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်း အခြေခံပညာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိနေသည်ကို တွေ့ရကြောင်း။

စာတော်သည့် ထူးချွန်သည့်သူတစ်ယောက်သည် ငယ်စဉ်ကတည်းက မိဘဆရာသမားများ၏ ကြပ်မတ်သွန်သင်မှုနှင့် ငယ်စဉ်ကတည်းက ကြိုးစားမှုသာရခြင်းဖြစ်ကြောင်း၊ **"အစကောင်းမှ အနှောင်းသေချာမည်"** ဖြစ်ကြောင်း၊ မမြတ်ရတနာသင်းကဲ့သို့ပင် ထားဝယ်ဒေသမှ တိုင်းသိပြည်သိ ကမ္ဘာသိ ထူးချွန်သည့်ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့ကြောင်း၊ ဝန်ကြီးချုပ် ဦးဘဆွေ၊ ဦးစိန်ဝင်း၊ ဗိုလ်မှူးကြီး ဗထူး၊ မီးပုံးပျံ ဦးကျော်ရင်၊ သူရ မချစ်ပို၊ ပန်းချီ ဦးငွေကိုင်၊ နိုင်ငံတော်စာရင်းစစ်ချုပ် ဦးအုန်းတင်၊ မောင်ထားဝယ် ဦးဖေအေး၊ ကျွန်းဆွယ်အလေးမချန်ပီယံ ဦးဖေအေး စသည်ဖြင့် အခြားမိမိအနေဖြင့် မဖော်ပြနိုင်သည့် ပုဂ္ဂိုလ်များလည်း များစွာရှိကြမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းအတွက် ဂုဏ်ယူဖွယ်ရာများပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ မိဘများ၊ ဆရာ ဆရာမများကလည်း မိမိတို့၏သားသမီးများ၊ တပည့်များကို ပညာတတ် လူတော်လူကောင်းများဖြစ်အောင် သွန်သင်ဆုံးမ၊ လေ့ကျင့်သင်ကြားပေးကြရန်၊ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း မိဘဆရာများ၏ သွန်သင်ပြသမှုများကို နာယူမှတ်သားပြီး အသိပညာ၊ အတတ်ပညာပြည့်ဝသည့်၊ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်သည့်၊ ဗလငါးတန်ပြည့်ဝသည့် နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ၆ ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၆ ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်းနှင့် မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❖ နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ မိဘများ၊ ဆရာ ဆရာမများကလည်း မိမိတို့၏သားသမီးများ၊ တပည့်များကို ပညာတတ် လူတော်လူကောင်းများဖြစ်အောင် သွန်သင်ဆုံးမ၊ လေ့ကျင့်သင်ကြားပေးကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိဘဆရာများ၏ သွန်သင်ပြသမှုများကို နာယူမှတ်သားပြီး အသိပညာ၊ အတတ်ပညာပြည့်ဝသည့်၊ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်သည့်၊ ဗလငါးတန်ပြည့်ဝသည့် နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်**

# မြို့ကြီးတမံမှ ပန်းလောင်သို့ ရေကူရန် ဆက်သွယ်မြောင်း တူးဖော်

**နေပြည်တော် စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ မြို့ကြီး မြောင်းမတော် (၁) မှ ပန်းလောင်မြစ်အတွင်းသို့ ရေကူပေးဝေမည့် ဆက်သွယ်မြောင်းတူးဖော်ခြင်းနှင့် ဆက်စပ်ရေအား အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မြောင်းအဖျားပိုင်း ရေသောက်ဧရိယာများ စိုက်ပျိုးရေပေးဝေရန် Quick Win အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ကင်းတားလက်ဝဲမြောင်းမကြီးတွင် ရေငုပ်ပြွန်ပြင်ဆင်ပြီးချိန်နှင့် ဆောင်ရွက်ရမည့် မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ ချိန်ညှိဆောင်ရွက်ရေးမှာကြားပြီး ဇော်ဂျီရေသောက်စနစ်၊ ကင်းတားလက်ယာမြောင်းနှင့် မြို့ကြီးတမံမှ ပန်းလောင်သို့ ရေကူရန် ဆက်သွယ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သင်းတွဲ ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးပြီး သင်းတွဲ တူးမြောင်းမကြီးအဝင်နန်းနှင့် ဒိုက်ဖမ်းသည့် အဆောက်အအုံ ပြန်လည်တည်ဆောက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ်ရှိ စိုက်ပျိုးမြေဧက ၅၀၀ အတွက် ရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျွန်းဦးဆိုလာစနစ် ရေတင်စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ရေသောက်ဧရိယာအတွင်း သီးထပ်စိုက်ပျိုးနိုင်ရေး တောင်သူများနှင့်ညှိနှိုင်း၍ သီးနှံပုံစံရေးဆွဲရန်လိုအပ်ချက်များနှင့် လျာထားသည့် ဧကပြည့်စိုက်ပျိုးရေပေးဝေနိုင်ရေး ဆွေးနွေးမှာကြားသည်။ **သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ကယား၊ ကရင်၊ ချင်း၊ မွန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း၍ရွာပြီး နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြား

## မိမိတို့ နိုင်ငံမှထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများအနေဖြင့် အဆင့်မြှင့်တင်နိုင်ရန်လို ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေး ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား ထားဝယ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ နှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧက ပန်းတိုင်အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဆီဖူလုံမှုရရှိရေးအတွက် ဆီကြမ်းနှင့် ဆီချောစက်ရုံများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာနှင့် ကော်ဖီသီးနှံ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ငါးသယံဇာတနှင့် ရေထွက်ကုန်ထုတ်လုပ်ရေး စက်ရုံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြနှင့် ကျေးလက်ဒေသများအားလုံး လျှပ်စစ်မီး ရရှိရေး ဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီး အတွင်းရှိ ခရီးသွားဒေသများသို့ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း အခြေခံပညာ ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ ဒီရေတောပင်များ ထိန်းသိမ်းထားရှိမှုနှင့် တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်ပြခန်းအား လေ့လာကြည့်ရှုစဉ်။

❖ **မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့်ရေထွက်ပစ္စည်း အသားလိုအပ်ချက်များစွာရှိနေ၊ မိမိတို့ အနေဖြင့် ငါးနှင့်ရေထွက်ပစ္စည်းများကို သဘာဝအလျောက် ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်၍ ထုတ်လုပ်နိုင်**

❖ **ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ရန်လို၊ ထို့ကြောင့် မိမိတို့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများ တိုးတက်လာစေရေး ဆောင်ရွက်သွားရန်လိုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိ မြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရော်ဘာကုန်ကြမ်းများအား တင်ပို့ရောင်းချရာတွင် ပိုမိုလွယ်ကူမှုရှိစေရေးနှင့်အကျိုးအမြတ်ပိုမိုရရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ခရိုင်အတွင်း ငါးနှင့်ရေထွက်သယံဇာတမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကျွန်းပတ်လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ အသေးစား၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများက တင်ပြချက်များတွင်ပါဝင်သည့် *စာမျက်နှာ ၆ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ထားဝယ်မြို့ ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား အာဟာရဌက်သိုက်များနှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၅ မှ*

မြန်မာ့ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များ၊ အသိအမှတ်ပြုလက်မှတ်များ ပြည့်မီမှုရှိစေရေး ဆောင်ရွက်သွားရန်လိုအပ်မှု၊ နိုင်ငံတော်မှ သတ်မှတ်ပေးထားသည့် တရားဝင်လမ်းကြောင်းများမှ တင်ပို့ရောင်းချသွားမည်ဆိုပါက ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိနိုင်မှု၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသေးစားစက်မှုဇုန်ပြုလုပ်ရန် မြေနေရာရရှိလိုမှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများအား လုပ်ငန်းရပ်များအလိုက် ကာလသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်သည့်အတွက် စည်းကမ်းသတ်မှတ်ချက်များအတိုင်းသာ ရယူဆောင်ရွက်သွားရန်နှင့် ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်အား ဖွင့်လှစ်ပေးသွားမည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း တက်ရောက်နိုင်မည်ဖြစ်ပြီး အဆိုပါတက္ကသိုလ်များအား နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီများကိုအောင်မြင်စွာစိုက်ပျိုးနိုင်မည့် အရင်းအမြစ်များရှိပြီးဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုမှု၊ ရေငန်ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍လည်း ပြည်ပနိုင်ငံများမှ ဝယ်လိုအားရှိပြီး ဈေးကွက်ရှိသည့်လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား နိုင်ငံတော်မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းများမှ ခရီးသည်ရရှိမှုနှင့် ရာသီဥတုအပေါ်မူတည်၍ လေကြောင်းခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ တိုက်ရိုက်ပြေးဆွဲတင်ပို့နိုင်ရေးအတွက် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် လေယာဉ်ကွင်းများ ဖြစ်ပေါ်လာရေး အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ ကမ်းရိုးတန်းသွား သဘော်များဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုများ အဆင်ပြေစေရေးအတွက် ထားဝယ်မြို့ရှိ ဆိပ်ခံဖောတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ သိပ္ပံနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီး ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့မိမြို့ဖများနှင့်လုပ်ငန်းရှင်များ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြ၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်သည့်အခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများအား ဆွေးနွေးပြောကြား**

ဆက်လက်၍ ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ထားဝယ်မြို့သည် အစဉ်အလာရှိသည့်မြို့တစ်မြို့ဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်ကတည်းကပင် သမိုင်းကြောင်းကောင်းသည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအနေဖြင့်လည်း ရှေးနှစ်ပေါင်းများစွာကတည်းကပင် ခိုင်ခိုင်မာမာ ရှိခဲ့သည့်ဒေသတစ်ခုဖြစ်ခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း မိမိအနေဖြင့် ထားဝယ်ဒေသသို့ ရောက်ရှိခဲ့ပြီး မြို့တော်ခန်းမအဆောက်အဦလိုအပ်ချက်ရှိသည်ကို တွေ့ရှိခဲ့ရသဖြင့် အဆောက်အဦအသစ်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရွှေဝယ်သီရိအားကစားကွင်းအဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထားဝယ်လေဆိပ်အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက်လည်း လိုအပ်သည်များ မှာကြားခဲ့ကြောင်း။

တင်ပြချက်များတွင် ပါဝင်သည့် ရော်ဘာထုတ်ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများအနေဖြင့် အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဈေးကွက်နှင့် ဈေးနှုန်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများတင်ပို့ခြင်းအပြင် ရော်ဘာထုတ်ကုန်များဖြစ်သည့် တာယာ၊ ကျွတ်နှင့် လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ဈေးကွက်ရရှိအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရော်ဘာထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံငွေများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရာတွင်လည်း အပင်၏သက်တမ်းနှင့် ထွက်ရှိနိုင်မှုတို့အပေါ်မူတည်၍ သွင်းအားစုများဖြည့်သွင်းခြင်းအပါအဝင် စဉ်ဆက်မပြတ်သည့်ရော်ဘာထုတ်လုပ်မှုကွင်းဆက်ဖြစ်ပေါ်လာအောင် တွက်ချက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများသည် နိုင်ငံတော်အတွက် လိုအပ်ချက်အမြဲရှိနေမည်ဖြစ်သည့်အတွက် ရော်ဘာကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ငါး၊ ပုစွန်၊ ကဏန်း၊ ရေထွက် ပစ္စည်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့်ရေထွက်ပစ္စည်း အသားလိုအပ်ချက်များစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ငါးနှင့် ရေထွက်ပစ္စည်းများကို သဘာဝအလျောက် ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်၍ ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများ တိုးတက်လာစေရေး ဆောင်ရွက်သွားရန်လိုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေသတွင်းစီးပွားရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်မှု ပိုမိုမြန်ဆန်စေရေးအတွက် ထားဝယ်လေဆိပ်အား အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဘုတ်ပြင်း၊ ကော့သောင်း စသည့် ကျွန်းပတ်လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထားဝယ်ဆိပ်ကမ်းနှင့်ပတ်သက်၍လည်း ထားဝယ်မြစ်အတွင်း သဘော်များ ဝင်ထွက်မှု အဆင်ပြေစေရေး မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ဆိပ်ကမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်းဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှရင်းနှီးမတည်ငွေများ ထုတ်ပေးထားရှိပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အသား၊ ငါးနှင့် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများ ထိုက်သင့်သည့်ဈေးနှုန်းအတိုင်းဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်စည်စီးဆင်းမှုများ မဖြစ်ပေါ်စေရေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ငွေများသည်လည်း များစွာထိခိုက်နစ်နာရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့် ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွား တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့်လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ဒေသနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်သည်များ အပြန်အလှန်ဆွေးနွေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးခြင်းအပြင် ဒေသခံများအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထားဝယ်ဒေသအတွင်း တစ်ကေအထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ဒေသတွင်း ဆန်ဖူလုံမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်း

*စာမျက်နှာ ၇ သို့*

**❑ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီဖြစ်သည့် Robesta ကော်ဖီကို စိုက်ပျိုးနိုင်၊ ဒေသ၏အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီ၊ ကိုကို၊ ဒူးရင်း၊ သီဟိုဠ်၊ အုန်းစသည့် အပင်များကို အောင်မြင်အောင်စိုက်ပျိုး၍ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဝယ်သီရိအားကစားကွင်း အဆင့်မြှင့်နိုင်မည့်အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၆ မှ*

ဆန်ဖူလုံမှုရှိအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာမည်ဖြစ်ပြီး ဒေသစီးပွားရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း ဖူလုံမှုမရှိ၍ ပြင်ပမှဝယ်ယူစားသုံးကုန်ကျမည့်ငွေကြေးများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနေရာများ၌ သုံးစွဲခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သွားကြစေလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

စိုက်ပျိုးရေးကို အခြေခံသည့်စက်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီဖြစ်သည့် Robesta ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ဒေသ၏အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီ၊ ကိုကိုး၊ ဒူးရင်း၊ သီဟိုဠ်၊ အုန်း စသည့်အပင်များကို အောင်မြင်အောင်စိုက်ပျိုး၍ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝါးနှင့်ကြိမ် သယံဇာတများစွာထွက်ရှိသဖြင့် ဝါးနှင့် ကြိမ်ကုန်ကြမ်းများကို အခြေခံသည့်တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီး အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်း စားရေးဖူလုံမှုအပြင် ပြင်ပနှင့်ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စနစ်ကျန၍ စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

**ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးနိုင်ရေး**

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေအားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုမှာလျော့နည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အတန်းပညာများရှိစေရေး ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအားနည်းမှုရှိပါက အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရမည်ဖြစ်ပြီး အခြားသူများ၏ ဦးဆောင်မှုကို ခံရမည်ဖြစ်သဖြင့် မိမိတို့ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝအောင် မွေးထုတ်ကာ ဒေသအကျိုးကို ဖော်ဆောင်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီး အတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ဘိုးဘွားများအား ဂါရဝပြုကန်တော့ကာ အာဟာရဖြည့်ဌက်သိုက်များနှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်း၍ ဘိုးဘွားများ၏ ကျန်းမာရေးအခြေအနေများအား မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့အတွင်းနှင့် ဆိပ်ကမ်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည်တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရွှေတောင်စားစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေဝယ်သီရိအားကစားကွင်းနှင့် အားကစားရုံသို့ ရောက်ရှိကြပြီး အားကစားကွင်း အဆင့်မြှင့်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထားဝယ်လေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲပြုလုပ်



**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းသား အားကစားပွဲတော်ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ပြည်နယ်ပညာရေးမှူး (ရုံးခွဲ)ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးမှူးများ၊ ဆရာဆရာမများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသားမိဘများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကာယလေ့ကျင့်ခန်း အတွဲ(၃၊၄) နှင့် Fitness Exercises သရုပ်ပြမှု၊ အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ကျိုင်းတုံမြို့နယ်ကိုယ်စားပြုအသင်းနှင့် တာချီလိတ်မြို့နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ (ဝဲပုံ)

အဆိုပါ အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများမှ ကိုယ်စားပြုအသင်း ခုနစ်သင်းမှ အားကစားနည်း ခုနစ်နည်းဖြင့် စက်တင်ဘာ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံနှင့် စပ်လျဉ်း၍ ...

**၂၀၂၅ ခုနှစ်သည် ကုလသမဂ္ဂတည်ထောင်ခြင်း နှစ် ၈၀ ပြည့် နှစ်ပတ်လည်နေ့ဖြစ်သည်။ လွန်ခဲ့သည့် နှစ် ၈၀ ကျော်က ကမ္ဘာစစ်ကြီးနှစ်ခု၏ နာကျင်ဖွယ်ရာ သင်ခန်းစာများကို လေးနက်စွာ တွေးတောဆင်ခြင်မှုအပေါ်အခြေခံ၍ နိုင်ငံတကာအသိုက်အဝန်းက ကုလသမဂ္ဂကိုတည်ထောင်ရန် ဆုံးဖြတ်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု၏ လက်တွေ့ကျင့်လုပ်ဆောင်မှု အသစ်တစ်ရပ်ကို စတင်ခဲ့သည်။**

*Dr. Zheng*

> **❝ တရုတ်နိုင်ငံက ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံကို အဆိုပြုခြင်းသည် "မည်ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို တည်ဆောက်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲဖြည့်ဆည်းရမည်"ဟူသော ခေတ်ကာလ၏ပုဒ်စာများကို အာရုံစိုက်၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ထိန်းသိမ်းပြီး အားလုံးအတူ ဆွေးနွေးတိုင်ပင်မှု၊ တည်ဆောက်မှုနှင့် မျှဝေခံစားမှုများဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုသဘောတရားကို ကျင့်သုံးခြင်းဖြင့် ပိုမိုတရားမျှတပြီး ကျိုးကြောင်းဆီလျော်သော ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် တည်ဆောက်ရေးကို မြှင့်တင်ကာ လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အဝန်းဆီသို့ အတူတကွ လက်တွဲချီတက်ရန် ရည်ရွယ် ❞**

နှစ်ပေါင်း ၈၀ ကျော်ကာလအတွင်း ကုလသမဂ္ဂကို ဗဟိုပြုသော နိုင်ငံတကာ စနစ်၊ နိုင်ငံတကာဥပဒေအပေါ် အခြေခံထားသော နိုင်ငံတကာစည်းမျဉ်းစည်းကမ်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများအပေါ် အခြေခံထားသော နိုင်ငံတကာဆက်ဆံရေး အခြေခံစံနှုန်းများ စသည့် ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု အတွေးအခေါ်များနှင့် လက်တွေ့လုပ်ဆောင်ချက်များက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းရန်အတွက် သမိုင်းဝင် အကျိုးပြုမှုများ ထမ်းဆောင်ခဲ့ကြပါသည်။

လက်ရှိ နိုင်ငံတကာအခင်းအကျင်းက ရှုပ်ထွေးပွေလီနေပြီး ကုလသမဂ္ဂနှင့် နိုင်ငံစုံဝါဒလည်း ထိခိုက်ခံရ၍ ကမ္ဘာလုံးဆိုင်ရာ လိုငွေပြမှုသည် ဆက်လက်ကျယ်ပြန့်လာသည်။ လက်ရှိ နိုင်ငံတကာယန္တရားများတွင် အဓိကချို့ယွင်းချက် သုံးခု ကြုံတွေ့နေရသည်။ ပထမအချက်မှာ ကမ္ဘာ့တောင်ဘက်ခြမ်း၏ ကိုယ်စားပြုမှုမှာ လွန်စွာမလုံလောက်ပါ။ ထွန်းသစ်စဈေးကွက်နိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုပေါင်းထကြွမှုကြောင့် ကမ္ဘာ့တောင်ဘက်ခြမ်း၏ ကိုယ်စားပြုမှုကို မဖြစ်မနေ မြှင့်တင်ရန်နှင့် သမိုင်းဆိုင်ရာ မမျှတမှုများကို ပြန်လည်ပြင်ဆင်ရန် လိုအပ်နေပါသည်။

ဒုတိယအချက်မှာ အခွင့်အာဏာ ဖြည်းဖြည်းချင်း ပျက်ပြားနေသည်။ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ထိထိရောက်ရောက် လိုက်နာခြင်းမရှိ၊ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ဆန့်ကျင်လျက်ရှိပြီး တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုများ စသည့် လုပ်ဆောင်ချက်များက နိုင်ငံတကာဥပဒေကို ချိုးဖောက်ကာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများသည် ဖျက်ဆီးခြင်း ခံနေရပါသည်။

တတိယအချက်မှာ ထိရောက်မှုကို မြှင့်တင်ရန် လိုအပ်ပါသည်။ ကုလသမဂ္ဂ (၂၀၃၀) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ဆိုးရွားစွာ နောက်ကျကျန်နေခဲ့သည်။ ရာသီဥတုပြောင်းလဲမှုနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ကွဲပြားခြားနားမှုကဲ့သို့သော ပြဿနာများ ပိုမိုထင်ရှားလာပြီး ဉာဏ်ရည်တု၊ ဆိုက်ဘာစပေ့နှင့် အာကာသအပြင်ဘက် ကဲ့သို့သော နယ်နိမိတ်အသစ်များ၏ စီမံခန့်ခွဲမှုမှာလည်း အားနည်းနေပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံနှင့် အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် တရုတ်နိုင်ငံက ကမ္ဘာ့ငြိမ်းချမ်းရေးကို အခိုင်အမာ တည်ဆောက်သူ၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပေးသူ၊ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းကို ကာကွယ်သူနှင့် အများပြည်သူဆိုင်ရာ ကုန်ပစ္စည်းများကို ပံ့ပိုးပေးသူအဖြစ် အမြဲရပ်တည်လျက်ရှိပါသည်။ တရုတ်နိုင်ငံက ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံကို အဆိုပြုခြင်းသည် **"မည်ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို တည်ဆောက်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲ ဖြည့်ဆည်းရမည်"**ဟူသော ခေတ်ကာလ၏ ပုစ္ဆာများကို အာရုံစိုက်၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ထိန်းသိမ်းပြီး အားလုံးအတူ ဆွေးနွေးတိုင်ပင်မှု၊ တည်ဆောက်မှုနှင့် မျှဝေခံစားမှုများဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုသဘောတရားကို ကျင့်သုံးခြင်းဖြင့် ပိုမိုတရားမျှတပြီး ကျိုးကြောင်းဆီလျော်သော ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် တည်ဆောက်ရေးကို မြှင့်တင်ကာ လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အဝန်းဆီသို့ အတူတကွလက်တွဲ ချီတက်ရန် ရည်ရွယ်ပါသည်။

## အဓိက သဘောတရားများ

**(က) အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို ခိုင်ခိုင်မာမာ လက်ကိုင်စွဲထားရန်**

ဤသည်မှာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု၏ ရှေးဦးအခြေခံအချက်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင် တန်းတူညီမျှမှုသည် နိုင်ငံနှင့်နိုင်ငံကြား ဆက်ဆံရေးကို ထိန်းညှိပေးသည့် အရေးကြီးဆုံး စံနှုန်းဖြစ်သလို ကုလသမဂ္ဂနှင့် နိုင်ငံတကာအေဂျင်စီများနှင့် အဖွဲ့အစည်းများအားလုံးက လိုက်နာသော အခြေခံမူဖြစ်သည်။ အချုပ်အခြာအာဏာ တန်းတူညီမျှမှု၏ စစ်မှန်သော အဓိပ္ပာယ်မှာ နိုင်ငံအားလုံးသည် နိုင်ငံကြီးငယ်မရွေး၊ အင်အားကြီးငယ်မဟူ၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို မဖြစ်မနေလေးစားကြရမည်၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရ၊ နိုင်ငံအားလုံးသည် မိမိတို့၏ လူမှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းများကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တွင် တန်းတူညီမျှစွာ ပါဝင်ခွင့်၊ ဆုံးဖြတ်ချက် ချမှတ်ခွင့်နှင့် အကျိုးခံစားခွင့်တို့ ရှိရမည်ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို တိုးမြှင့်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို နိုင်ငံအများစု၏ အကျိုးစီးပွားနှင့် မျှော်မှန်းချက်များကို ပိုမိုကောင်းမွန်စွာ ထင်ဟပ်ပြသနိုင်စေရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကိုယ်စားပြုမှုနှင့် ပြောဆိုခွင့်ကို မြှင့်တင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။

**(ခ) နိုင်ငံတကာ တရားဥပဒေစိုးမိုးရေးကို ခိုင်ခိုင်မာမာ လက်ကိုင်စွဲထားရန်**

ဤသည်မှာ ကမ္ဘာ့အုပ်ချုပ်ရေး၏ အခြေအမြစ်အာမခံချက်ဖြစ်သည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများသည် နိုင်ငံတကာ ဆက်ဆံရေး၏ အခြေခံစံနှုန်းများအဖြစ် ကမ္ဘာတစ်ဝန်းက အသိအမှတ်ပြုထားပြီး မယိမ်းမယိုင် ထိန်းသိမ်းလိုက်နာရမည်ဖြစ်သည်။ ထွန်းသစ်စနယ်ပယ်များတွင် ကျယ်ပြန့်သော အများဆန္ဒကို အခြေခံ၍ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများကို ရေးဆွဲသင့်သည်။ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများကို ညီတူညီမျှကျင့်သုံးမှု သေချာစေရန်နှင့် စံနှုန်းနှစ်မျိုး (double standards) မထားသင့်ကြောင်း သို့မဟုတ် တစ်ပါးသူကို အတင်းအကျပ် လုပ်ဆောင်စေခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်သည်။ နိုင်ငံတကာဥပဒေ၏ အခွင့်အာဏာနှင့် လေးနက်မှုကို ထိန်းသိမ်းထားရန်၊ အထူးသဖြင့် အင်အားကြီးနိုင်ငံများက နိုင်ငံတကာတရားဥပဒေစိုးမိုးရေး၏ အဆိုပြုသူနှင့် ထိန်းသိမ်းသူအဖြစ် ဦးဆောင်သင့်သည်။

**(ဂ) နိုင်ငံစုံဝါဒကို ခိုင်ခိုင်မာမာ လက်ကိုင်စွဲထားရန်**

ဤသည်မှာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အခြေခံကျသော ချဉ်းကပ်မှုဖြစ်သည်။ နိုင်ငံစုံဝါဒသည် လက်ရှိနိုင်ငံတကာစနစ်နှင့် စည်းမျဉ်းစည်းကမ်း၏ အလယ်ဗဟိုချက် အတွေးအခေါ်ဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်မှု၊ တည်ဆောက်မှု၊ မျှဝေခံစားမှုများဆိုင်ရာ စည်းမျဉ်းကို စွဲမြဲလိုက်နာရမည်ဖြစ်ကာ ကမ္ဘာ့အရေးကိစ္စများကို အားလုံးအတူဆွေးနွေးပြီး စီမံခန့်ခွဲမှုစနစ်ကို အားလုံးက တည်ဆောက်သင့်ပြီး စီမံခန့်ခွဲမှု၏ အသီးအပွင့်များကို အားလုံးမျှဝေသင့်သည်။ တစ်ဖက်သတ်ဝါဒကို ရှောင်ရှားသင့်သည်။ ကုလသမဂ္ဂသည် နိုင်ငံစုံဝါဒကို ကျင့်သုံးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုကို တိုးမြှင့်တင်ရန်အတွက် အဓိက ပလက်ဖောင်းဖြစ်သည်။ ယင်း၏ အခန်းကဏ္ဍသည် အားလျော့ခြင်းမဟုတ်ဘဲ အားကောင်းနေရမည်။ အခြားသော ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ ဘက်စုံယန္တရားများသည် ၎င်းတို့၏ အားသာချက်များကို တည်ဆောက်ရန်၊ အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ကာ ခွဲခြားဆက်ဆံမှု သို့မဟုတ် ဖယ်ထုတ်ခြင်း (Excludability) အစီအစဉ်များကို ရှောင်ရှားသင့်သည်။

**(ဃ) လူသားကို အခြေခံသည့် ခိုင်ခိုင်မာမာ လက်ကိုင်စွဲထားရန်**

ဤသည်မှာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု၏ တန်ဖိုးရှိသောဦးတည်ချက်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများသည် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု၏ အခြေခံအကျဆုံး ပါဝင်ဆောင်ရွက်သူများနှင့် အကျိုးခံစားရသူများ ဖြစ်ကြသည်။ ပြည်သူများ၏ရရှိမှုကို ပန်းတိုင်အဖြစ် ထားရှိပြီး ပြည်သူများအတွက် ယုံကြည်မှုနှင့် တည်ငြိမ်သော မျှော်လင့်ချက်ကို အဆက်မပြတ်ဖန်တီးပေးနိုင်မှသာလျှင် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်သည် ကျယ်ပြန့်သောထောက်ခံမှုကို ရရှိနိုင်မည်ဖြစ်ပြီး ထိရောက်စွာ လည်ပတ်နိုင်မည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုကို ပြုပြင်ပြောင်းလဲခြင်း၊ မွမ်းမံခြင်းများပြုလုပ်ရန် လိုအပ်ပြီး ၎င်းသည် ဘုံဖွံ့ဖြိုးရေးကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံအသီးသီးရှိ ပြည်သူများအား ပိုမိုကြီးမားသော ရရှိမှုအမြင်ကို ဖန်တီးပေးရန်၊ လူ့အဖွဲ့အစည်း ကြုံတွေ့နေရသော ဘုံစိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်ရန်အတွက် နိုင်ငံအသီးသီးရှိ ပြည်သူများအား ပိုမိုကြီးမားသော လုံခြုံမှုရှိခြင်းကို ဖန်တီးပေးရန်နှင့် ကွဲပြားသောနိုင်ငံများနှင့် အုပ်စုများ၏ ဘုံအကျိုးစီးပွားကို ပိုမိုကောင်းမွန်စွာ မြှင့်တင်နိုင်ရန်အတွက် နိုင်ငံအသီးသီးရှိ ပြည်သူများအား ပိုမိုကြီးမားသော ပျော်ရွှင်မှုရှိခြင်းကို ဖန်တီးပေးရန် ဖြစ်သည်။

**(င) ထိရောက်သောရလဒ်ရရှိရန် ကြိုးပမ်းဆောင်ရွက်ခြင်းကို ခိုင်ခိုင်မာမာ လက်ကိုင်စွဲထားရန်**

ဤသည်မှာ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု၏ အရေးကြီးသော စည်းမျဉ်းတစ်ရပ်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုက အသုံးဝင် (သို့မဟုတ်) အသုံးမဝင်ခြင်းသည် လက်တွေ့ပြဿနာများကို ဖြေရှင်းနိုင်ခြင်း၊ မဖြေရှင်းနိုင်ခြင်းအပေါ် အဓိက တည်မှီသည်။ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များက တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိရာ စုပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ စနစ်တကျ စီမံချက်ချမှတ်ခြင်းနှင့် စုပေါင်းတိုးမြှင့် ဆောင်ရွက်ခြင်းတို့ လိုအပ်သည်။

ရောဂါလက္ခဏာနှင့် အမြစ်ကိုပါ ကုသရန်လိုအပ်ပြီး ရေရှည်တည်တံ့သော ဖြေရှင်းနည်းများကို ရှာဖွေရမည်။ လက်ရှိအရေးတကြီးဖြေရှင်းရမည့် ပြဿနာများကိုသာမက နောင်တွင်ကြုံတွေ့နိုင်သော ရေရှည်စိန်ခေါ်မှုများကိုပါ ရှုမြင် သုံးသပ်ရန် လိုအပ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများသည် တာဝန်ယူမှု၊ တာဝန်ခံမှုကို အလေးအနက်ထားပြီး အရင်းအမြစ်များစွာနှင့် ပြည်သူလူထုကောင်းစားရေးဆိုင်ရာ ကုန်ပစ္စည်းများစွာ ထောက်ပံ့ရမည်။

> **❖ ကျွန်တော်တို့သည် မှန်ကန်သောလမ်းကြောင်းကို လိုက်နာမှု၊ ဆန်းသစ်တီထွင်မှု၊ တံခါးဖွင့်လှစ်မှုနှင့် ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်မှုဆိုင်ရာ စိတ်ဓာတ်ကို ဆုပ်ကိုင်ထားပြီး ဆွေးနွေးတိုင်ပင်မှု၊ တည်ဆောက်မှု၊ မျှဝေခံစားမှုများဆိုင်ရာ စည်းမျဉ်းကို လိုက်နာကာ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု အစီအမံမှုဘောင်အောက်တွင် နိုင်ငံအသီးသီးနှင့် မူဝါဒဆိုင်ရာ ဆက်သွယ်ညှိနှိုင်းမှုကို အားကောင်းစေပြီး ကျယ်ပြန့်သော သဘောတူညီချက်ကို စုစည်းကာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲခြင်းနှင့် မွမ်းမံခြင်းဆိုင်ရာ နည်းလမ်းများကို ကြွယ်ဝစေရန် ဆက်လက်ဆောင်ရွက်သွားမည်**

*စာမျက်နှာ ၉ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ရက် ၁၀၀ သာ လိုတော့သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီး ဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

# ဒုတိယဝန်ကြီး ဦးရဲတင့် မင်းဘူးမြို့၌ ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မင်းဘူး စက်တင်ဘာ ၁၈** ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ကွဲအက်ခဲ့သည့် ကြမ်းခင်းနှင့်နံရံများ ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ မင်းဘူးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး ဇုန်နယ်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ထပ်ဆင့်ထုတ်လွှင့်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တာဝန်ကျေပွန်ရေး၊ ရုံးနှင့် ဝန်ထမ်းများ စက်ပစ္စည်းလုံခြုံမှု သတိပြု ဆောင်ရွက်ရေးနှင့် မီးဘေးအန္တရာယ် ဂရုပြုရေး၊ မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး တို့ကို မှာကြားခဲ့သည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း စုပေါင်းအင်အားဖြင့် ကိုယ့်ကိုယ်ကိုယ်အားကိုးရန်နှင့် မိမိတို့၏စွမ်းဆောင်နိုင်သည့် အတိုင်းအတာအတွင်းမှ ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။

### နောက်လုပ်ဆောင်မည့် အစီအစဉ်

ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံ (GGI) သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI)၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI)၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံ (GCI) တို့အပြီး တရုတ်နိုင်ငံက ထပ်မံအဆိုပြုလိုက်သည့် အရေးပါသော အစီအမံတစ်ရပ်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံသည် နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အာရုံစိုက်ပြီး ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံသည် နိုင်ငံတကာ အငြင်းပွားမှုများကို ညှိနှိုင်းဆွေးနွေးဖြေရှင်းရန် ရည်ရွယ်ကာ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံသည် ယဉ်ကျေးမှုများ ဆက်သွယ်ပြောဆိုရေးနှင့် အပြန်အလှန်ဖလှယ်ရေးကို မြှင့်တင်ရန် ရည်ရွယ်သည်။

ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံသည် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ယန္တရားများ ပြုပြင်ပြောင်းလဲရေး၏ ဦးတည်ချက်၊ စည်းမျဉ်းနှင့် လမ်းကြောင်းကို သတ်မှတ်ပေးထားသည်။ အစီအမံလေးရပ်သည် တစ်ခုနှင့်တစ်ခု ကွဲပြားသော်လည်း တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြင်းမရှိဘဲ ရှုပ်ထွေးနေသော ကမ္ဘာကြီးအား ကွဲပြားသော ရှုထောင့်များမှ အပြုသဘောသော အင်အားများ ပိုမိုထည့်သွင်းပေးနိုင်မည်ဖြစ်ပြီး လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအားကောင်းသော တွန်းအားပေးမှုကို ဖြစ်စေပါသည်။

ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ၏ **"ခိုင်ခိုင်မာမာကိုင်စွဲထားရမည့် ငါးချက်"** ဆိုင်ရာ အခြေခံသဘောတရားက ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်နှင့် စည်းမျဉ်းများနှင့် ဆက်စပ်လျက်ရှိပြီး နိုင်ငံအများစု၏ တူညီသော မျှော်လင့်ချက်နှင့် ကိုက်ညီသည်။ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုကို ပြုပြင်ပြောင်းလဲခြင်းနှင့် မွမ်းမံခြင်းသည် လက်ရှိနိုင်ငံတကာစည်းမျဉ်းစည်းကမ်းကို ပြန်လည်ဖျက်သိမ်းခြင်း မဟုတ်သကဲ့သို့ လက်ရှိနိုင်ငံတကာစနစ်အပြင်ဘက်တွင် အခြေခံအုတ်မြစ်သစ်ထောင်ခြင်းလည်းမဟုတ်ဘဲ လက်ရှိနိုင်ငံတကာစနစ်နှင့် နိုင်ငံတကာယန္တရား၏ အကောင်အထည်ဖော်ဆောင်မှု၊ ထိရောက်မှုကို မြှင့်တင်ရန်နှင့် ပြောင်းလဲနေသော အခြေအနေများနှင့် ကိုက်ညီစေရန်၊ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအား အချိန်မီထိရောက်စွာ တုံ့ပြန်ဖြေရှင်းနိုင်စေရန်နှင့် နိုင်ငံအသီးသီး၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားကို ပိုမိုကောင်းမွန်စွာ အထောက်အကူပြုနိုင်စေရန် ဖြစ်သည်။

နိုင်ငံတကာအခြေအနေ မည်သို့ပင်ပြောင်းလဲပါစေ၊ တရုတ်နိုင်ငံသည် ကုလသမဂ္ဂကို ဗဟိုပြုသော နိုင်ငံတကာစနစ်နှင့် နိုင်ငံတကာဥပဒေအခြေပြုသော နိုင်ငံတကာစည်းမျဉ်းစည်းကမ်းကို ခိုင်ခိုင်မာမာ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး သမိုင်းတိုးတက်မှု၏ မှန်ကန်သော လမ်းကြောင်းဘက်တွင် ခိုင်ခိုင်မာမာရပ်တည်ကာ ကမ္ဘာ့တိုးတက်မှုအင်အားစုအားလုံးနှင့် လက်တွဲ၍ လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အဝန်းကို တည်ဆောက်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပြီး လူ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအမှုကြီးအတွက် အဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကျွန်တော်တို့သည် မှန်ကန်သော လမ်းကြောင်းကို လိုက်နာမှု၊ ဆန်းသစ်တီထွင်မှု၊ တံခါးဖွင့်လှစ်မှုနှင့် ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်မှုဆိုင်ရာ စိတ်ဓာတ်ကို ဆုပ်ကိုင်ထားပြီး ဆွေးနွေးတိုင်ပင်မှု၊ တည်ဆောက်မှု၊ မျှဝေခံစားမှုများဆိုင်ရာ စည်းမျဉ်းကို လိုက်နာကာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံမူဘောင်အောက်တွင် နိုင်ငံအသီးသီးနှင့် မူဝါဒဆိုင်ရာ ဆက်သွယ်ညှိနှိုင်းမှုကို အားကောင်းစေပြီး ကျယ်ပြန့်သော သဘောတူညီချက်ကို စုစည်းကာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲခြင်းနှင့် မွမ်းမံခြင်းဆိုင်ရာ နည်းလမ်းများကို ကြွယ်ဝစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျွန်တော်တို့သည် ကုလသမဂ္ဂ၊ ဆက်စပ်နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဒေသတွင်း၊ ဒေသတွင်းခွဲ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ယန္တရားများကို အခြေခံ၍ နိုင်ငံအသီးသီးနှင့်အတူ တက်ကြွသော လုပ်ဆောင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်းနှင့် မွမ်းမံခြင်းအတွက် ဉာဏ်ပညာနှင့် စွမ်းအားကို စုစည်းသွားမည်ဖြစ်သည်။ နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ ပြင်ဆင်မွမ်းမံမှု၊ ဉာဏ်ရည်တု၊ ဆိုက်ဘာနယ်ပယ်၊ ရာသီဥတုပြောင်းလဲမှု၊ ကုန်သွယ်ရေး၊ အာကာသအပြင်ဘက် စသည့်စီမံခန့်ခွဲရေး ချို့တဲ့မှုများသော နယ်ပယ်များနှင့် ကုလသမဂ္ဂ၏ ဩဇာအာဏာနှင့် အချက်အချာကျမှုကို ခိုင်ခိုင်မာမာကာကွယ်စောင့်ရှောက်ခြင်း၊ ကုလသမဂ္ဂ၏ **"Pact for the Future"** ကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီခြင်း စသည့်နယ်ပယ်များတွင် ဆက်သွယ်ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အစီအမံကို စုစည်းကာ ရလဒ်ကို သေချာစေပြီး ကနဦးရလဒ် ရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

လူသားများသည် တစ်ဦးနှင့်တစ်ဦး ပေါင်းစပ်နေထိုင်ကြသည့် အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ်ဖြစ်လာပြီဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုကို အားကောင်းစေခြင်းသည် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကို အတူတကွမျှဝေခံစားရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် မှန်ကန်သောရွေးချယ်မှုတစ်ရပ် ဖြစ်သည်။

တရုတ်နိုင်ငံသည် နိုင်ငံအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေပြီး ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်းနှင့် မွမ်းမံခြင်းဆိုင်ရာ နည်းလမ်းကို လက်တွဲရှာဖွေကာ ငြိမ်းချမ်းသော၊ လုံခြုံသော၊ သာယာဝပြောသော၊ တိုးတက်သော အနာဂတ်ကို အတူတကွဖန်တီးကြမည်ဖြစ်သည်။ ။

❍ *ကျောဖုံးမှ*

ယမန်နေ့ ညနေပိုင်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်နင်းမြို့ရှိ တရုတ်-အာဆီယံ AI နည်းပညာဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ရေးစင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက စင်တာအတွင်းရှိ AI ဖြင့် ပြုလုပ်ထားသည့် CAAIC သမိုင်းကြောင်း Video ၊ AI ၏ စွမ်းရည်မြင့်မားလာမှုများ၊ AI ဖြင့် အာဆီယံနိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နေမှု၊ AI ဖြင့် လူမှုဆက်ဆံရေး၊ ဆေးဘက်ဆိုင်ရာ ကုသရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများတွင် အကောင်အထည်ဖော် အသုံးပြုနေမှု၊ AI ဖြင့် Super League ပြိုင်ပွဲနှင့် ဖိုရမ်တွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ တရုတ်-အာဆီယံနှင့် ပတ်သက်သည့် Data Zone၊ လုံခြုံရေးဆိုင်ရာ Service ပေးသည့် Zone တို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာဘန်ဒီတိုဒို့စ်ဆန်းတို့စ်ဖရိတ်တက်စ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ အလုပ်သဘောခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာဘန်ဒီတိုဒို့စ်ဆန်းတို့စ်ဖရိတ်တက်စ်တို့ ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံပြီး နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးကို အာဆီယံပဋိညာဉ်၊ အခြေခံမူများ၊ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုဘဲ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို တိုးမြှင့်သွားကြရန် အလေးထားဆွေးနွေးသဘောတူခဲ့သည်။

ထို့ပြင် တီမောလက်စ်တေနိုင်ငံက မြန်မာအစိုးရကို ဆန့်ကျင်သည့် အဖွဲ့အစည်းများကို ရုံးဖွင့်လှစ်ခြင်း၊ တရားမဝင်ဆန့်ကျင်သည့် လှုပ်ရှားမှုများဆောင်ရွက်ခြင်းခွင့်ပြုမည်မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအား တီမောလက်စ်တေနိုင်ငံ မြို့တော်ဒီလီ၌ မြန်မာသံရုံး လာရောက်ဖွင့်လှစ်ရန် ဆွေးနွေးကမ်းလှမ်းခဲ့ပြီး နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ အာဆီယံနိုင်ငံများအကြား ချုပ်ဆိုကြသည့် နှစ်နိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ် လက်မှတ်ရေးထိုး



နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူ စာချုပ်ချုပ်ဆိုနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ စက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ တရုတ်-အာဆီယံ စက်မှုကဏ္ဍဖလှယ်ရေးနှင့် မြှင့်တင်ရေးအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် နန်နင်းမြို့ Wanda Vista ဟိုတယ်၌ ပထမဆုံးအကြိမ်ကျင်းပပြုလုပ်သော ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ စက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဝန်ကြီး၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။ **(အပေါ်ယာပုံ)**




ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံများအကြား အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်သော စက်မှုပူးပေါင်းဆောင်ရွက်မှုစနစ်တစ်ရပ် ထူထောင်ခြင်းအားဖြင့် စက်မှုကဏ္ဍနယ်ပယ်အတွင်း အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်မှု၊ အပြုသဘောဆောင်သည့် ယှဉ်ပြိုင်နိုင်စွမ်းများ ရှိလာပြီး ရေရှည်တည်တံ့သည့် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ စက်မှုကဏ္ဍရှိနည်းပညာ ဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် ပူးတွဲလေ့ကျင့်မှု၊ နည်းပညာသင်တန်းများနှင့် သက်မွေးပညာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများသည် ယနေ့ခေတ်၏ စက်မှုဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) နှင့် လူငယ်များပါဝင်ရေး မြှင့်တင်ပြီး ချမှတ်ထားသောမူဝါဒများနှင့် လုပ်ငန်းစဉ်များဖြင့် ဂေဟစနစ် တည်ဆောက်သွားနိုင်ပါက တရုတ်-အာဆီယံ ဒေသအတွင်း စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ စက်မှု ပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် တရုတ်-အာဆီယံ ဒေသကို ပိုမိုအားကောင်းအောင် တည်ဆောက်ကြရန် တိုက်တွန်းပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများက တရုတ်-အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အကြားစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နန်နင်းဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်ဖြစ်သည့် စက်မှုမူဝါဒညှိနှိုင်းဆောင်ရွက်မှုနှင့် မဟာဗျူဟာမြောက်ညှိနှိုင်းမှု အားကောင်းစေရန်၊ ဒေသတွင်းဆန်းသစ်တီထွင်မှုဂေဟစနစ်ကို တည်ဆောက်ရန်၊ ဒစ်ဂျစ်တယ်၊ အစိမ်းရောင်နှင့် ဉာဏ်ရည်တု နည်းပညာဖြင့် စက်မှုအသွင်ပြောင်းခြင်း နယ်ပယ်များတွင် စံချိန်စံနှုန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်၊ ဒစ်ဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံများမြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဂြိုဟ်တုလမ်းကြောင်းပြခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးပံ့ပိုးပေးခြင်းအပါအဝင် ဒစ်ဂျစ်တယ် စီးပွားရေးနှင့် စွမ်းအင်သစ်ကဏ္ဍတို့ပါဝင်သည့် ထွန်းသစ်စစက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို စူးစမ်းလေ့လာရန်၊ တရုတ်နိုင်ငံနှင့် အာဆီယံရှိ စွမ်းအင်သစ်ယာဉ်များတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖြေလျှော့ပေးရေးကို ဆက်လက်မြှင့်တင်ရန်၊ AI ဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် AI ဆိုင်ရာ အသုံးပြုနိုင်သည့် အက်ပလီကေးရှင်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိုရှာဖွေရန်၊ လျှပ်စစ်စက်ဘီးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စေရန်၊ အထည်အလိပ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ ဆေးဝါးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်၊ စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာ ဝန်ထမ်းများ၏ ပူးတွဲလေ့ကျင့်မှုကို အားကောင်းစေရန်၊ SMEs များကို စက်မှုပူးပေါင်းဆောင်ရွက်မှုစနစ်သို့ ပေါင်းစည်းရေးကို သင့်တင့်မျှတသောပုံစံဖြင့် မြှင့်တင်ရန်စသည့် အချက်များကို သဘောတူညီခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး တရုတ်-အာဆီယံ စက်မှုကဏ္ဍ ဖလှယ်ရေးနှင့် မြှင့်တင်ရေး အခမ်းအနားသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စက်မှုကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ သံ၊ သံမဏိ၊ ဆေးဝါး၊ အဝတ်အထည်၊ ဝါးတို့နှင့်စပ်လျဉ်းသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရေး၊ စိုက်ပျိုးရေးအခြေပြုစက်မှုကဏ္ဍ၊ ဝါဂွမ်း၊ စားသုံးဆီ၊ ဆန်စက်ကဏ္ဍတွင် နည်းပညာမြင့် စက်ကိရိယာများဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် ပေကျင်း ရှန်းစန်း ဖိုရမ် (12th Beijing Xiangshan Forum ) သို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

## တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ President of China Association for Military Science နှင့် President of China Institute for International Strategic Studies တို့၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် ပေကျင်း ရှန်းစန်း ဖိုရမ် (12th Beijing Xiangshan Forum) သို့ တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ပါယီခန်းမ (Bayi Hall)၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun) နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်ဘက်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သင်တန်းသားများ စေလွှတ်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် (12th Beijing Xiangshan Forum) ဖွင့်ပွဲအခမ်းအနားနှင့် စုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။ ယင်းနောက် အစီအစဉ်များကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက Forum ၏ စုံညီအစည်းအဝေး ဒုတိယအပိုင်း (2nd Plenary



Session) သို့ ဆက်လက် တက်ရောက်၍ **Strategic Mutual Trust and Security Cooperation in the Asia-Pacific Region** ခေါင်းစဉ်ဖြင့် Plenary Speech ကို ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် (၁၂) ကြိမ်မြောက် ပေကျင်း ရှန်းစန်း ဖိုရမ် (12th Beijing Xiangshan Forum) သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးချုပ်များနှင့် ကျွမ်းကျင်သူများ ကိုယ်စားလှယ် စုစုပေါင်း ၅၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စလင်းမြို့နယ်၌ ယခုနှစ် ချည်မျှင်ရှည်ဝါသီးနှံကို ဧကပေါင်း ၃၁၀၀၀ ကျော် စိုက်ပျိုးထားရှိ

**စလင်း စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံကို ဧကပေါင်း ၃၁၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ယခင်နှစ်ထက် ဧကပေါင်း ၂၀၀၀ ကျော် ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြောင်း စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ယခုနှစ် စိုက်ပျိုးရာသီ၌ ဌာနအစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါသီးနှံအဖြစ် ရွှေတောင် ၈၊ ရွှေတောင် ၁၀၊ ငွေချည် ၁၁ စသည့် မျိုးသန့်ဝါစေ့ ဧက ၁၇၉၀ စာကို ကြိုတင်စုဆောင်း၍ ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် ပံ့ပိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် တောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စလင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဝါသီးနှံ ဧကပေါင်း ၂၉၀၇၅ ဧက၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဝါသီးနှံဧကပေါင်း ၃၁၂၂၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခင်နှစ်ထက် ဧကပေါင်း ၂၁၄၇ ဧက ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



**မောင်မောင်(မင်းဘူး)**

## ကိုကိုးကျွန်း အ.ထ.ကတွင် ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း ဆောင်ရွက်

**ကိုကိုးကျွန်း စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းကို ယနေ့ နံနက်က ကိုကိုးကျွန်းမြို့နယ် အ.ထ.က ကျောင်းခန်းမ၌ ပြုလုပ်သည်။


ကလေးငယ်များအား အာဟာရပြည့်စုံဖွံ့ဖြိုးစေရန်နှင့် ကျန်းမာရေးကောင်းမွန်စေရန်အတွက် ကိုကိုးကျွန်းမြို့နယ် ကျန်းမာရေးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား လူငယ်များအား အာဟာရတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းကို လစဉ် တစ်လလျှင် နှစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဇော် (ပြန်/ဆက်)**

## ❖ ကျောဖုံးမှ

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့်

**၂၁-၉-၂၀၂၅ ရက်နေ့မှ ၂၆-၉-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**



နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ လျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ▼ ကျောဖုံးမှ

ဧရာဝတီအသင်းသည် ယခုနိုင်ပွဲကြောင့် ရာသီဝက်ချန်ပီယံဆုအတွက် အပြိုင်ဖြစ်လာပြီး ထိပ်ဆုံးမှ သစ္စာအားမာန်အသင်းနှင့် ပွဲတူနှစ်မှတ်အကွာဖြင့် ဖိအားပေးလျက်ရှိသည်။

ဧရာဝတီအသင်းသည် ပထမပိုင်းမှာပင် တိုက်စစ်မှူး စန်းသော်သော်၏ ဟက်ထရစ်ဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ၃၊ ၂၆၊ ၃၁ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ဂိုးပြတ်အနိုင်ရနေသည့် ဧရာဝတီအသင်းသည် ဒုတိယပိုင်းတွင် ပွဲကိုထိန်းကစားခဲ့ပြီး ၇၅ မိနစ်တွင် ကွင်းလယ်ကစားသမား ဖြူဖြူဝင်းက စတုတ္ထအနိုင်ဂိုး သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ဧရာဝတီအသင်းက ခြောက်ပွဲကစား ၁၄ မှတ်၊ Young Lionesses အသင်းက ခြောက်ပွဲကစား ခြောက်မှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA) ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel) နှင့် (MRTV Entertainment Channel) တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် ရောက်ရှိမည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များ စုပေါင်း၍ (၁၉-၉-၂၀၂၅) ရက် (သောကြာနေ့) ညတွင် **"ငြိမ်းချမ်းရေးအလင်းရောင်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

**(၁၉-၉-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ငြိမ်းချမ်းရေးအလင်းရောင်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း (၁၂) ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ထာဝရငြိမ်းချမ်းရေး | ပြင်ပအဆိုရှင် |
| ၂။ | ဥမကွဲသိုက်မပျက် | ပြင်ပအဆိုရှင် |
| ၃။ | ငြိမ်းချမ်းရေးမြစ်တစ်စင်း | ပြင်ပအဆိုရှင် |
| ၄။ | ငြိမ်းချမ်းပါစေ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | ငြိမ်းချမ်းရေးအလင်းရောင် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | လွတ်လပ်ခြင်းမိုးကောင်းကင် | ပြင်ပအဆိုရှင် |
| ၇။ | ကမ္ဘာနဲ့ငြိမ်းချမ်းရေး | ပြင်ပအဆိုရှင် |
| ၈။ | တို့မွေးမြေ | ပြင်ပအဆိုရှင် |
| ၉။ | ပန်းတိုင်းပွင့်ပြီ | ပြင်ပအဆိုရှင် |
| ၁၀။ | ငြိမ်းချမ်းရေးဆိုတာ | ပြင်ပအဆိုရှင် |
| ၁၁။ | ခြွင်းချက်မရှိ | ပြင်ပအဆိုရှင် |
| ၁၂။ | ပြည်ထောင်စုကြီးတို့ရဲ့မြန်မာ | ဌာနအဆိုရှင် |

# စတုတ္ထအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ





**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အင်းစိန်ဘူတာရုံလမ်းရှိ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) မင်းဓမ္မယာယီရုံးသစ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘင်အစည်းအရုံး အဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီးသဘင်ပညာရှင် အဘိုး၊ အဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းတို့က မုဒိတာစကားပြောကြားကြသည်။

ထို့နောက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အလှူငွေကျပ်သိန်း ၃၀ နှင့် MRTV DTH အစုံ ၂၀ နှင့် Set Top Box အလုံး ၁၀၀ တို့အား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အလှူငွေကျပ်သိန်း ၂၅၀ နှင့် ဆန်အိတ် ၅၀၀ အား လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်က ယခုကဲ့သို့ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) အတွက် မြေနေရာခွင့်ပြုပေးခဲ့သည့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်က ရန်ကုန်မြို့တွင် မိမိတို့အစည်းအရုံးအနေဖြင့် ရုံးခန်းငှားရမ်း၍ ဖွင့်လှစ်လျက်ရှိရာမှ ယခုအချိန်တွင် အစည်းအရုံးပိုင်မြေနေရာနှင့် ရုံးခန်းများ တည်ရှိလာပြီဖြစ်ပါကြောင်း၊ ယခုမြေနေရာကိုအသုံးပြု၍ သဘင်လောကသားများနှင့် သဘင်ပညာရပ်များ တိုးတက်ဖွံ့ဖြိုးရန် ကြံဆောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ တက်ရောက်ကြသူများက သဘင်သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ဂါရဝ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ ဇာတ်သဘင်ပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ ဆိုင်းပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ ရုပ်သေးပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ နတ်ဒေဝါထိန်းသိမ်းမြှင့်တင်ရေး၊ ရာမယဏပညာရပ်ထိန်းသိမ်းမြှင့်တင်ရေး၊ ဆပ်ကပ်မျက်လှည့်ပညာရပ်များ ထိန်းသိမ်းမြှင့်တင်ရေး၊ အငြိမ့်ပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး စသည့် ကော်မတီအသီးသီးမှ မျိုးဆက်သစ် သဘင်အနုပညာရှင်များနှင့် သဘင်ပညာရပ်ဆိုင်ရာ ပညာရှင်ကြီးများက တေးသီချင်း၊ ဆိုင်း၊ အက၊ မြေဝိုင်းဇာတ်သဘင်၊ ဆပ်ကပ်၊ မျက်လှည့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ သစ်တောပျိုးဥယျာဉ်များသို့ သွားရောက်၍ သစ်မျိုးအလိုက် ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နှစ်စဉ် နှစ်ပေအထက် ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိရန်၊ ဒေသနှင့် ကိုက်ညီသော သစ်မျိုးများ ပျိုးထောင်ထားရှိရန်နှင့် မျိုးကောင်းမျိုးသန့် သစ်စေ့များ ရယူစုဆောင်း၍ ပျိုးထောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မင်းဘူးမြို့ မြို့တော်ခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သစ်တောစိုက်ခင်းများ တည်ထောင်ရေး၊ ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေး၊ သဘာဝတောများ ကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် သဘာဝသယံဇာတများကို အကောင်းဆုံး စီမံခန့်ခွဲနိုင်ရန်၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရန်နှင့် ဌာနလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ အတိုင်း လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကျင့်ကြံသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် မင်းဘူးမြို့ရှိ သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပုဂ္ဂလိကသစ်ဆိုင်၊ သစ်စက်များသို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ ကုန်ကြမ်းများရရှိရေး၊ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးပြီး မင်းဘူးမြို့ရှိဝန်ကြီးဌာနအောက်မှ ရုံးများသို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး သည် မွန်းလွဲပိုင်းတွင် မင်းဘူးမြို့နယ် မင်းဘူး-အမ်း ကားလမ်းဘေးရှိ အပူပိုင်း ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် သစ်မျိုးစုံ ၁၀၀၀ ရှင်သန်အောင်မြင်မှု၊ မင်းဘူးမြို့နယ် တဲကုန်းကျေးရွာအနီးရှိ ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ နှင့် ဒဟက်၊ မဲဇလီ အထူးစိမ်း တစ်အုပ်တစ်မ စိုက်ခင်း ၁၅၀၀ အောင်မြင်ဖြစ်ထွန်းနေမှု၊ ၂၀၂၅ မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပွဲမှ အပင်များ၏ ရှင်သန်အောင်မြင်မှု၊ ဆင်ခေါင်း-ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်းရှိ ကျေးရွာထင်းစိုက်ခင်းဧက ၂၀ နှင့် ကျေးရွာထင်းစိုက်ခင်းဧက ၃၀ ရှင်သန်အောင်မြင်မှု၊ ပုဂံကြိုးဝိုင်းအတွင်းရှိ ကျေးရွာထင်းစိုက်ခင်းဧက ၅၀ ရှင်သန်အောင်မြင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့နယ် ရွာသာယာကျေးရွာရှိ မြန်မာမြေစွမ်းအားမြှင့် အေဝမ်းမီးဖို ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်၍ စွမ်းအားမြှင့် မီးဖိုထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေး မဟာအောင်မြေမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး မဟာအောင်မြေမြို့နယ် အခွန်ဦးစီးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)သင်တန်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးတက်ထွဋ်အောင်က အမှာစကားပြောကြားပြီး မဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်မျိုးထွန်းက အခွန်ဆိုင်ရာနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဟောပြော ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ လုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြပြီး အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မောင်အေးချမ်း**

## ပခုက္ကူမြို့ မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်လေးများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်လေးများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်က ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့ မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန္ဒာအောင်က ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရင်သွေးငယ်လေးများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပရာ ပန်းချီပြိုင်ပွဲတွင် ၁၃ ဦး၊ ပုံပြင်ပြောပြိုင်ပွဲတွင် ၁၀ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ၁၄ ဦး၊ အင်္ဂလိပ်ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ၁၂ ဦး၊ သီချင်းဆိုပြိုင်ပွဲတွင် ၃၀ စုစုပေါင်း ၇၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အကဲဖြတ်ဒိုင်လူကြီးများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ အမှတ်ပေးရွေးချယ်ကြကြောင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို စက်တင်ဘာ ၁၉ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၈**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၃/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့အတူ ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရန့်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီက အထက်ဌာနအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရရှိပြီးဖြစ်သည့် အသက်(၁၈) နှစ်နှင့်အထက်ရှိသူများ၏ အတည်ပြုလူဦးရေစာရင်းကို မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းသို့ အတည်ပြုစာရင်းများ ပေးပို့ခဲ့ပြီးဖြစ်သော်လည်း ရွေးကောက်ပွဲမကျင်းပမီ ကြားကာလတွင် လူဦးရေပြောင်းလဲမှုများသည် နေ့စဉ်နှင့်အမျှ ဖြစ်နိုင်ခြင်းကြောင့် ယင်းကြားကာလအတွင်း ပြောင်းလဲလာမည့် လူဦးရေစာရင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးချပြ ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ထို့ပြင် မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း မဲစာရင်းတွင်ပါဝင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံသားဖြစ်မှုဆိုင်ရာကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ယခုကြားကာလအတွင်း မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လဝက စသည့် ဌာနသုံးခုအနေဖြင့် လက်ရှိမြေပြင်တွင်အကြောင်း အမျိုးမျိုးကြောင့် မိမိမြို့နယ်အတွင်း ပြောင်းဝင်/ ပြောင်းထွက်ကြသည့်စာရင်းများ၊ ကွယ်လွန်သွားသူများကို အချိန်နှင့်တစ်ပြေးညီ တိုက်ဆိုင်စိစစ်ပြီး လဝက၏ လက်ရှိအိမ်ထောင်စုလူဦးရေစာရင်းနှင့်ကိုက်ညီစေရေး စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲမတိုင်မီကြားကာလအတွင်း လူဦးရေပြောင်းလဲမှုများအပေါ် အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည့်အစီအစဉ်၊ ပန်းခင်းစီမံချက် အဆင့်(၃) လျာထားချက်ပြည့်မီပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရန် ဌာနအလိုက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုညီလာခံသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၈**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုညီလာခံသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ညီလာခံကို "Return to Culture, New Opportunities" ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ခြင်းပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အနုပညာရှင်များနှင့် ယဉ်ကျေးမှုလေ့လာအကဲဖြတ်သူများ တက်ရောက်ဆွေးနွေးကြသည်။

စက်တင်ဘာ ၁၀ ရက်က ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ Saint ISACC's Cathedral နှင့် Kazansky Cathedral အမည်ရှိ ရှေးဟောင်းဘုရားရှိခိုးကျောင်းများ၏ ဗိသုကာလက်ရာများ၊ ရှေးဟောင်းအမွေအနှစ်လက်ရာများအား ရှေးမူမပျက်ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ကမ္ဘာပေါ်ရှိ အကြီးဆုံး ယဉ်ကျေးမှုပြတိုက်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော စိန့်ပီတာစဘတ်မြို့ရှိ Hermitage Museum ၌ ခင်းကျင်းပြသထားသည့် ရုရှားအနုပညာဆိုင်ရာပစ္စည်းများ၊ နန်းတော်အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်းစစ်ဘက်ဆိုင်ရာအသုံးအဆောင်များ၊ ဥရောပအနုပညာပစ္စည်းများ၊ Leonardo da Vinci, Rembrandt, Raphael စသည့် ကမ္ဘာကျော်ပန်းချီဆရာများ၏ ပန်းချီကားများ၊ အရှေ့တိုင်းယဉ်ကျေးမှု ရှေးဟောင်းပစ္စည်းများနှင့် အီဂျစ်ယဉ်ကျေးမှုရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာရာ ပြတိုက်တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက ပြတိုက်ခင်းကျင်းမှုနည်းစနစ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာ ၁၁ ရက်က ဒုတိယဝန်ကြီးသည် Marble Palace ရှိ Russian Museum ၌ ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ အစည်းအဝေးသို့ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နှစ်ပေါင်းထောင်ချီသမိုင်းကြောင်းရှိသည့် မြန်မာနိုင်ငံသည် ရှေးဟောင်းပျူခေတ်နှင့် ပုဂံခေတ်ယဉ်ကျေးမှုမှစတင်၍ မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးများအားလုံး၏ သက်ဝင်လှုပ်ရှားရှင်သန်လျက်ရှိသည့် အမွေအနှစ်များအထိ ယဉ်ကျေးမှုအစဉ်အလာများ စုစည်းတည်ရှိရာ အရပ်ဒေသတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ယဉ်ကျေးမှုဖလှယ်ခြင်းဟူသည် အနုပညာနှင့် ဓလေ့ရိုးရာအစဉ်အလာများကို မျှဝေရုံသက်သက်သာမဟုတ်ဘဲ စိတ်နှလုံးသားအချင်းချင်း ဆွေးနွေးခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ လူသားမျိုးနွယ် တစ်ရပ်လုံး၏ တန်ဖိုးရှိလှသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခံရရန်၊ လေးစားဂုဏ်ယူမြတ်နိုးရန်၊ အနာဂတ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အခြားသော နိုင်ငံများနည်းတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း၊ စုပေါင်းကြိုးပမ်းမှုများသည် ကမ္ဘာကြီးတစ်ခုလုံးအတွက် ယဉ်ကျေးမှုဆိုင်ရာ စည်းလုံးမှု၊ အပြန်အလှန်လေးစားမှုနှင့် ငြိမ်းချမ်းရေးအတွက် လမ်းပြကြယ်ပင်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက Hermitage General Staff Building ၌ ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Tatyana Golikova ဦးဆောင်ကျင်းပသည့် အစည်းအဝေး (Final Session) သို့ တက်ရောက်ရာ ရုရှားနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး Mrs. Olga Liubimova က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံမှ ဂီတ၊ ရုပ်ရှင်နှင့် ဉာဏ်ရည်တုနည်းပညာ စသည့် ယဉ်ကျေးမှုကဏ္ဍနယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသည့် ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် General Staff Building အတွင်း၌ ပြသထားသည့် အထိမ်းအမှတ်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ညပိုင်းတွင် ပူရှကင် (Pushkin) မြို့ရှိ Catherine Palace ၌ကျင်းပသည့် Plenary Session ၊ ရုရှားသမ္မတပူတင် မိန့်ခွန်းပြောကြားသည့် အခမ်းအနားနှင့် စက်တင်ဘာ ၁၃ ရက်က Winter Palace ၌ ကျင်းပသည့် Hermitage Prize ဆုပေးပွဲအခမ်းအနားများသို့ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF Game
ဆော့ကစားခြင်းကြောင့်
ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် လစ်ဘရယ်ဒီမိုကရက်တစ်ခေါင်းဆောင်ရွေးချယ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

**တိုကျို စက်တင်ဘာ ၁၈**

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်အဖြစ် ဝန်ကြီးချုပ် အီရှီဘာ ရှီဂီရူ နေရာဆက်ခံမည့်သူကို ရွေးချယ်ရန် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဂျပန်ထိပ်တန်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဟာယာရှီ ယိုရှီမာဆာက တရားဝင်ကြေညာလိုက်သည်။

အစိုးရအဖွဲ့အတွင်းဝန်ချုပ် ဟာယာရှီက စက်တင်ဘာ ၁၈ ရက် သတင်းစာရှင်းလင်းပွဲတွင် ထိုသို့ ကြေညာချက် ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ကီရှီဒါ ဖူမီယိုနှင့် ဝန်ကြီးချုပ် အီရှီဘား လက်အောက်တွင် အစိုးရအဖွဲ့ အတွင်းဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း ဟာယာရှီက ပြောကြားလိုက်ပြီး ယခုအတွေ့အကြုံပေါ်တွင် အခြေခံပြီး နောက်ထပ်အတွေးအမြင်အသစ်များ ထပ်မံပေါင်းစပ်လုပ်ကိုင်သွားရန် မျှော်လင့်ထားသည်။

ပါလီမန်တွင် ပထမဆုံးအကြိမ် ရွေးချယ်ခံရချိန်မှစပြီး တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ရှိပြီဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာ မိမိရရှိခဲ့သော အတွေ့အကြုံများကို ထည့်သွင်းအသုံးပြုပြီး ဂျပန်နိုင်ငံအတွက် အလုပ်လုပ်ပေးချင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအတွက် လူတိုင်းမျှော်လင့်ချက် အိပ်မက်များနှင့် မိမိကိုယ်မိမိ ဂုဏ်ယူနိုင်မှုများရှိနေမည့် အနာဂတ်တစ်ခုဖန်တီးသွားမည့် ၎င်း၏ အစီအစဉ်ကိုလည်း တင်ပြခဲ့သည်။ အဆိုပါ အစီအစဉ်တွင် လုပ်ခလစာ တစ်ရာခိုင်နှုန်းခန့် ဆက်တိုက်တိုးသွားရန် မျှော်မှန်းထားသည်။ ထို့အပြင် အဆိုပါအစီအစဉ်က ရေရှည်တည်တံ့သော လူမှုဖူလုံရေးစနစ်နှင့် ၂၀၄၀ ပြည့်လွန်နှစ်များသို့ ဦးတည်သည့် ခိုင်မာသည့် စီးပွားရေးစနစ်ကို တည်ဆောက်ရန် ရည်ရွယ်သည့် လမ်းပြမြေပုံတစ်ခု ဖန်တီးရေးဆွဲရန်လည်း တောင်းဆိုထားသည်။

၂၀၁၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် လစ်ဘရယ်ဒီမိုကရက်တစ် ခေါင်းဆောင်နေရာအတွက် ကြိုးစားပြီးနောက် ယခုတစ်ကြိမ် ကြိုးစားမှုသည် ဟာယာရှီ၏ တတိယအကြိမ်မြောက် ကြိုးစားမှုဖြစ်ကြောင်း၊ ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှုများကို စက်တင်ဘာ ၂၂ ရက်တွင် စတင်မည်ဖြစ်ကြောင်း၊ လစ်ဘရယ် ဒီမိုကရက်



တစ်ပါတီသည် ခေါင်းဆောင်သစ်ကို အောက်တိုဘာ ၄ ရက်တွင် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး အီဂျစ်သမ္မတနှင့် စပိန်ဘုရင်တို့တိုက်တွန်း

**ကိုင်ရို စက်တင်ဘာ ၁၈**

အီဂျစ်သမ္မတ အဗ္ဗဒယ် ဖာတာ့ အယ်စီစီနှင့် စပိန်ဘုရင် ဖိလစ် ၆ တို့သည် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများ ပြန်လွှတ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အတားအဆီးမရှိ ပေးပို့နိုင်ရေးအတွက် တောင်းဆိုခဲ့ကြသည်ဟု စက်တင်ဘာ ၁၇ရက်တွင် အီဂျစ်သမ္မတရုံးက ပြောသည်။



အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာ့အယ်စီစီနှင့် စပိန်ဘုရင် ဖိလစ် ၆ တို့ကို အယ်-အစ်တီဟာဒီယာသမ္မတနန်းတော်၌ တွေ့ရစဉ်။

အယ် - အစ်တီဟာဒီယာ သမ္မတနန်းတော်၌ ကျင်းပသည့် တံခါးပိတ်ဆွေးနွေးပွဲတွင် ပါလက်စတိုင်းများကို အတင်းအကျပ်ဖိအားပေး၍ ရွှေ့ပြောင်းခိုင်းခြင်းသည် ဒေသတွင်းမတည်ငြိမ်မှုကို ပို၍ဆိုးရွားစေပြီး ဥရောပသို့ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုများကို ပို၍ဆိုးရွားစေသည်ဟု ခေါင်းဆောင်နှစ်ဦးစလုံးက ပြောသည်။

အရှေ့ အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် စပိန်နိုင်ငံ၏ ထောက်ခံမှုကို အီဂျစ်သမ္မတက ချီးကျူးခဲ့သည်။ စပိန်ဘုရင် ဖိလစ် ၆ ကလည်း ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ပြန်လည်တည်ဆောက်ရေး အစီအစဉ် ပြင်ဆင်ခြင်းတို့အတွက် နှစ်နှစ်တာကာလအတွင်း အီဂျစ်၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုခဲ့သည်။ စပိန်ဘုရင် ဖိလစ် ၆ နှင့် မိဖုရား လက်တီဇီယာတို့အား အီဂျစ်သမ္မတ အယ်စီစီက ညှော်ခံပွဲဖြင့် တရားဝင်ကြိုဆိုခဲ့သည်။

စပိန်ဘုရင်၏ ယခုခရီးစဉ်သည် စပိန်ဘုရင်တစ်ပါးအနေဖြင့် အီဂျစ်သို့ ပထမဦးဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းက မက်ဒရစ်မြို့သို့ အီဂျစ်သမ္မတ စီစီ လာရောက်ပြီးနောက် နှစ်နိုင်ငံမဟာဗျူဟာမြောက်ဆက်ဆံရေးကို မြှင့်တင်သည့်အနေဖြင့် အီဂျစ်နိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ရွှေ့ပြောင်းနေထိုင်သူ ၇၄ ဦး တင်ဆောင်လာသည့် လှေတိမ်းမှောက်ပြီး ၁၃ ဦးသာ အသက်ရှင်

**ထရီပိုလီ စက်တင်ဘာ ၁၈**

ဆူဒန်နိုင်ငံသားအများစုပါဝင်သည့် ရွှေ့ပြောင်းနေထိုင်သူ ၇၄ ဦးကို တင်ဆောင်လာသည့်လှေသည် စက်တင်ဘာ ၁၃ ရက်က လစ်ဗျားနိုင်ငံမှ ထွက်ခွာလာစဉ် တိမ်းမှောက်ခဲ့ရာ ၁၃ ဦးသာ အသက်ရှင်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီ (ယူအင်န်အိတ်ချ်စီအာ) က စက်တင်ဘာ ၁၇ ရက်တွင် ပြောသည်။

အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုများနှင့် ချစ်ရသူများအား ဝမ်းနည်းကြောင်း ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီက ပြောကြားခဲ့ပြီး ဆူဒန်နိုင်ငံရှိ ပဋိပက္ခကိုအဆုံးသတ်ရန် တိုက်တွန်းခဲ့သည်။ ထို့ပြင် ဘေးကင်းလုံခြုံပြီး တရားဝင် ရွှေ့ပြောင်းနေထိုင်မှုလမ်းကြောင်းများမှာ အကန့်အသတ်ရှိနေဆဲဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အမှန်တကယ်ဖြေရှင်းရမည့်နည်းလမ်းမှာ ဆူဒန်တွင် တိုက်ပွဲများကို အဆုံးသတ်ရန်ဖြစ်ပြီး သို့မှသာလျှင် မိသားစုများ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်မည်ဖြစ်ကာ ယခုကဲ့သို့အန္တရာယ်များသည့် လမ်းကြောင်းကို ရွေးချယ်တော့မည်မဟုတ်ဟု အေဂျင်စီက ပြောသည်။ လှေတစ်စင်းပေါ်တွင် မီးလောင်မှုကြောင့် ဆူဒန်ဒုက္ခသည် ၅၀ ခန့် သေဆုံးခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့အစည်း၏ စက်တင်ဘာ ၁၆ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်အတွင်း လူမှောင်ခိုကူးမှုပေါင်း ၅၁ ခုကို မှတ်တမ်းတင်ထားပြီး နိုင်ငံအသီးသီးမှ ရွှေ့ပြောင်းနေထိုင်သူ ၃၄၈၀ ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု ရေတပ်က ပြောသည်။ လစ်ဗျားနိုင်ငံသည် ရွှေ့ပြောင်းနေထိုင်သူများအတွက် ဥရောပသို့သွားရောက်ရာတွင် အဓိကထွက်ပေါက်သဖွယ်ဖြစ်နေဆဲဖြစ်သည်။

**ဆင်ဟွာ**

# တူကီယဲနိုင်ငံတစ်ဝန်း အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူ ၅၁ ဦးကို ဖမ်းဆီးထိန်းသိမ်းထား

**အန်ကာရာ စက်တင်ဘာ ၁၈**

တူကီယဲနိုင်ငံ ရဲတပ်ဖွဲ့သည် လွန်ခဲ့သည့်သီတင်းပတ် နှစ်ပတ်ကျော်အတွင်း စစ်ဆင်ရေးလုပ်ငန်းများပြုလုပ်ရာ အိုင်အက်စ်နှင့် ဆက်နွယ်သည့် သံသယရှိသူ ၅၁ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး အလီယာလီကာရာက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူများသည် အဖွဲ့နှင့်ဆက်နွယ်သည့် အကူအညီပေးရေးအဖွဲ့များကို ငွေကြေးအကူအညီပေးခြင်းနှင့် လူမှုကွန်ရက်မီဒီယာပလက်ဖောင်းမှတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းစစ်ဆင်ရေးကို ပြည်နယ် ၃၄ တွင် ပြုလုပ်ခဲ့ကြောင်း၊ ဖမ်းဆီးမှုအတွင်း အဖွဲ့အစည်းဆိုင်ရာစာရွက်စာတမ်းများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းက လူမှုကွန်ရက် X တွင် ပြောကြားသည်။

မိမိတို့နိုင်ငံ၏ ဒေသတိုင်းတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် တစ်နှစ်လျှင် ၃၆၅ ရက် နေ့ရော ညပါစစ်ဆင်ရေးလုပ်ငန်းများကို ပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ ၃၁ ဦး သေဆုံး

**ကင်ရှာဆာ စက်တင်ဘာ ၁၈**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာစီ)၌ အီဘိုလာရောဂါဖြစ်ပွားမှုကြောင့် ၃၁ ဦးထက်မနည်း သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) မှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

အတည်ပြုလူနာ ၃၈ ဦး အပါအဝင် အလယ်ပိုင်းပြည်နယ် ကာဆိုင်း၌ အီဘိုလာရောဂါဖြစ်ပွားသူ ၄၈ ဦး တွေ့ရှိကြောင်း အာဖရိကဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဒေသဆိုင်ရာရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ပစ်ထရစ် အိုတင်က အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



အဆိုပါရောဂါကြောင့် ၃၁ ဦး သေဆုံးပြီး ၁၅ ဦးမှာ ဘူလက်ကျန်းမာရေးဇုန်ရှိ အီဘိုလာစင်တာတစ်ခု၌ ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် နှစ်ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ဘူလက်သို့ ကာကွယ်ဆေး အလုံးရေ ၇၆၀ ပေးထားပြီး ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုကို စတင်နေပြီဖြစ်ကြောင်း အိုတင်က ပြောကြားသည်။ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူ ကျန်းမာရေးဝန်ထမ်း ၅၀၀ ကျော်အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း၊ လာမည့်ရက်များအတွင်း မြို့တော် ကင်ရှာဆာ၌ နောက်ထပ် ကာကွယ်ဆေးအလုံးရေ ၄၅၀၀၀ ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်






**နေပြည်တော် စက်တင်ဘာ ၁၈**

(၅) ကြိမ်မြောက် တရုတ်-အာဆီယံကျန်းမာရေးဖိုရမ်ဖွင့်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ Wuxiang Resort ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဦးစွာ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းဝေးကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားကျန်းမာရေးကော်မရှင်နှင့် အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်ရုံးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက အမှာစကားများပြောကြားကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် Health For Common Development in the Age of Digital Intelligence သည် တရုတ်နှင့် အာဆီယံနိုင်ငံများရှိ ပြည်သူများ၏ လူမှုဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာကဏ္ဍ၏ အရေးပါမှုအား ပိုမိုထင်ဟပ်စေပါကြောင်း၊ ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြု၍ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကျန်းမာရေးသတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပူးပေါင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်သူများအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ (AI) နည်းပညာဖြင့် လူနာမှတ်ပုံတင်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ဆေးကုသမှုများ ဆောင်ရွက်ခြင်းနှင့် ဆေးမှတ်တမ်းထိန်းသိမ်းခြင်းများအား ပိုမိုပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ အပြန်အလှန် နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံဖလှယ်ခြင်းများ ပိုမိုဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များက နန်နင်းမြို့ ကွမ်ရှီးတက္ကသိုလ်ဆေးရုံရှိ China-ASEAN Healthcare Cooperation Center ကို ဒစ်ဂျစ်တယ်စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဆိုပါဆေးရုံရှိ တရုတ်-အာဆီယံ အထူးဆေးကုသဆောင်သို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် Health Industry Development Sub-Forum ကို ဆက်လက်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက "Intelligently steering the health industry building a new Health Silk Road" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်လင်းက "Health care services in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

စက်တင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က နန်နင်းမြို့ရှိ ဆွန်ယက်ဆင်ဆေးရုံသို့ သွားရောက်လေ့လာကြရာ ဆေးရုံတာဝန်ရှိသူများက အရေးပေါ်ဆေးကုသမှုဌာန၊ ခွဲစိတ်ကုသမှုဌာန၊ ဓာတ်ခွဲဌာန၊ ဓာတ်မှန်ဌာနတို့တွင် ခေတ်မီစက်ကိရိယာများ၊ နောက်ဆုံးပေါ် နည်းပညာများ၊ Artificial Intellingence (AI) အသုံးပြု၍ ရောဂါရှာဖွေမှု၊ ဆေးရုံသမိုင်းကြောင်းနှင့် ဆေးကုသမှုလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားကျန်းမာရေးကော်မရှင်နှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ စာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း၊ နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁) အပိုင်း (၃) (Diploma in International Financial Reporting Standards- Batch-1, Level – III) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက သင်တန်းတက်ရောက်ပြီးသူများအနေဖြင့် IFRS စာရင်းစံများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုရေးဆွဲရာတွင် လိုက်နာကျင့်သုံးခြင်းဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံစာများကို ရေးဆွဲနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်လာနိုင်ခြင်း၊ ကောင်းမွန်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဖြစ်ပေါ်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ သင်တန်းသားများအနေဖြင့် ပြောင်းလဲတိုးတက်နေသည့် စာရင်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး၍ လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချလုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားပြီး သင်တန်းသားများ ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၁၀ ဦး၊ ဝန်ကြီးဌာနများမှ သင်တန်းသား ၃၁ ဦး စုစုပေါင်းသင်တန်းသား ၄၁ ဦး တက်ရောက်ပြီးမြောက်ခဲ့ပြီး အပိုင်း (၃) အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ စာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**



(၆၁)နှစ်ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် ပေပင်လေး အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်မင်းအောင်နှင့် တပ်ဖွဲ့ဝင်များ ပေပင်လေးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ချုံနွယ်ပေါင်းပင်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများဆယ်ယူခြင်းတို့ကို စက်တင်ဘာ ၁၆ ရက်က ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံအသိပေးနှိုးဆော်ခြင်းကို စက်တင်ဘာ ၁၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် လိုက်လံအသိပေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

၁၈ - ၉ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၃၃၅ | ၂၆၉၈၀၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁ | ၃၂၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁၄၀ | ၁၀၅၀၀၀၀ |
| FPB | ၂၁၅၀ | ၂၄၀၀ | ၁၆၇ | ၃၉၀၈၀၀ |
| TMH | ၂၇၀၀ | ၂၆၅၀ | ၇၀၀ | ၁၈၆၅၀၀၀ |
| EFR | ၁၉၀၀ | ၁၉၅၀ | ၁၅၂၂ | ၂၉၅၁၉၅၀ |
| AMATA | ၃၂၀၀ | ၃၃၀၀ | ၃၈၃ | ၁၂၄၃၈၀၀ |
| MAEX | ၃၃၅၀ | ၃၃၅၀ | ၁၀ | ၃၃၅၀၀ |

# လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုခြင်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် လေဆိပ်လမ်းနှင့် ရာဇသိင်္ဂဟလမ်းဘေးဝဲယာနှင့်ကြာကန်ပတ်လည်သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုနှင့် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းနှင့် ရာဇသိင်္ဂဟလမ်းတစ်လျှောက် လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲယာသန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လယ်ယာမြေသည် အခြားနည်းသုံးစွဲခွင့် မရရှိပါက လူနေထိုင်ခွင့်မရှိသောကြောင့် ဥပဒေနှင့်အညီ အခြားနည်းအသုံးပြုခွင့် လျှောက်ထားသင့်ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီး လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူလယ်သမားများကို ပုံစံ(၇) များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပုံစံ (၇)ပါ စည်းကမ်းချက်များအပြင် တည်ဆဲလယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာရန်လိုအပ်ကြောင်း၊ ပုံစံ(၇)ရရှိထားသည့် တောင်သူများအနေဖြင့် လယ်ယာမြေကို ခွင့်ပြုမိန့်မရှိဘဲ မိမိသဘောဆန္ဒအတိုင်း အခြားနည်းအသုံးပြုခွင့်မရှိကြောင်းကို သိရှိရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူများ သိရှိနားလည်စေရေး အသိပေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**





ဖျာပုံမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သန်းဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များက ရေးဟောင်းသမိုင်းဝင် ကျိုက္ကမ္မမ်စေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်းက နေပြည်တော်ကောင်စီမှ ဝန်ထမ်းများအတွက် အိမ်သုံးဆိုလာမီးအိမ်များ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ကောင်စီမှ ဝန်ထမ်းများအတွက် အိမ်သုံးဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမင်းဦး၊ ဦးဟန်သူနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

ဦးစွာ မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးရှင်ဖူးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ကောင်စီမှ ဝန်ထမ်းမိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိအိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ထားဝယ်မြို့၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်

**ထားဝယ် စက်တင်ဘာ ၁၈**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၄ ဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များအား ဒစ်ဂျစ်တယ်နည်းပညာနှင့် အွန်လိုင်းအသုံးပြု၍ ဈေးကွက်ဝင်ရောက်ရောင်းချခြင်း ဗဟုသုတ ရရှိစေရန်အတွက် ဒစ်ဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ထားဝယ်မြို့ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မဉ္ဇူဝင်းက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသော အချိန်အခါတွင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု၍ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ကြောင်း၊ ယခုသင်တန်းတွင် နည်းပညာ ဗဟုသုတများကို ပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ သကျမဟာမြတ်မုနိဘုရားဝင်းအတွင်း ယမန်နေ့က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်အောင်၊ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်ဝင်းတို့ဦးစီး၍ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

### မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**



စက်တင်ဘာ ၁၈ ရက်က ပဲခူးမြို့ ဥသျှာမြို့သစ် ရပ်ကွက်(၇) ပင်စည်ဈေးအတွင်း၌ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အစားအစာများ သန့်ရှင်းစွာဆောင်ရွက်ထားရှိမှု အခြေအနေများစစ်ဆေးခြင်းကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီလှိုင်၊ ပဲခူးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်ဝင်းနှင့် ပဲခူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဌေးတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းစစ်ဆေးစဉ်။ သက်ထက်

## မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က တစ်လလျှင် ဆန်တန်ချိန် သုံးသိန်း ပြည်ပတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လကုန်အထိ တစ်လလျှင် ဆန်တန်ချိန် နှစ်သိန်းပြည်ပသို့ ပုံမှန်တင်ပို့နေပြီးစက်တင်ဘာလတွင်တန်ချိန် နှစ်သိန်း၊ အောက်တိုဘာလမှစ၍ ၂၀၂၆ ခုနှစ် မတ်လအထိ နောက်ပိုင်းလများတွင် တစ်လလျှင် တန်ချိန် သုံးသိန်းစီ ပြည်ပတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ရောင်းချနိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင် ဆန်ဈေးနှုန်းများကျဆင်းခဲ့သော်လည်း ယခုဖြစ်ပေါ်နေသည့် ဈေးနှုန်းထက် ထပ်မံကျဆင်းရန်မဖြစ်နိုင်ကြောင်း နိုင်ငံတကာဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အသင်းဝင်၊ ပို့ကုန်ဆောင်ရွက်နေသည့် Exporter ကုမ္ပဏီကြီးများအနေဖြင့် မိမိတို့ပုံမှန်ဝယ်ယူနေသော ဒေသရှိနယ်စက်ပိုင်၊ နယ်ကုန်သည်များနှင့်ချိတ်ဆက်၍တောင်သူများထံမှ စပါးဆန်ဝယ်ယူမှုများကို အင်တိုက်အားတိုက်ဆောင်ရွက်ပြီး ဈေးကွက်ဝယ်လိုအားကိုမြှင့်တင်ပေးရန်နှင့် ထိုသို့ဝယ်ယူမှု၊ ဝယ်ယူပြီးစီးမှုအပေါ်သယ်ယူပို့ဆောင်မှု၊ ဆန်ကြိတ်ခွဲမှု၊ ပြည်ပတင်ပို့မှု စသည့် ကိစ္စရပ်များ၌ ငွေကြေးလုပ်ငန်းအခက်အခဲများဖြစ်ပေါ်ပါက အသင်းချုပ်သို့ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်တင်ပြပေးရန်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မှတ်တမ်းပြုစုထားရှိပေးနိုင်ရန် လည်းကောင်း အဆိုပါ စပါးဆန်ဝယ်ယူစုဆောင်းမှုမှတ်တမ်းကို အသင်းချုပ်၏ export @ mrf.com. mm သို့ အပတ်စဉ်သောကြာနေ့တိုင်း ပေးပို့ရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လည်းကောင်း အသိပေးအကြောင်းကြားထားကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ထိုင်းဘုရင့်လေတပ်မှ Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့သွားရောက်လေ့လာ



**နေပြည်တော် စက်တင်ဘာ ၁၈**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ရောက်ရှိနေသော ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကမ္ဘာအေးဘုရားနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လည်ပတ်ကြည့်ရှုကြသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ထိုင်းဘုရင့်လေတပ်မှ ATR-72 လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - မဲ့ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန်(၁၁)လုံးပါ အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ထုတ်ဝေခဲ့ပြီးသော မြန်မာနိုင်ငံ၌တွေ့ရှိရသည့် လိပ်ပြာမျိုးစိတ်(၁၁)မျိုး တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ **မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် (၁၁)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၁)မျိုးအား ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၂၀)ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တော်သလင်းလပြည့်ကျော် (၁၄)ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှစတင်၍** နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့လိပ်ပြာမျိုးစိတ်(၁၁)မျိုး



အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ် စက်တင်ဘာ(၂၀)ရက် (စနေနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၀ - ၉ - ၂၀၂၅ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇) ၊ အမှတ် (၃၈) တွင်** မိမိကိုယ်မိမိ အတ္တကြီး တစ်ကိုယ်ကောင်းမဆန်တော့ဘဲ အချင်းချင်း ကူညီရိုင်းပင်း တော့မည်ဆိုသော ရှဉ့်ညိုအကြောင်း သရုပ်ဖော်ထားသည့် "ရိုင်းပင်းကူညီပါ" မျက်နှာဖုံးကာတွန်း၊ ကန်စွန်းဥတွင် ပါဝင်သည့် လူကိုအကျိုးပြုစေသည့် အာဟာရဓာတ်များအကြောင်း ရေးသားထားသည့် "ကန်စွန်းဥစားဖို့ လိုအပ်သလား" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ရွှေကျီးလေးနှင့် အဒေါ်ကြီးတို့၏ အပြန်အလှန်တစ်ဦးပေါ်တစ်ဦး စေတနာထားကြပုံကို သရုပ်ဖော်ထားသည့် "ရွှေကျီးလေး" နှစ်မျက်နှာကာတွန်း၊ ဘာသာစကားအသစ်တစ်ခုကို သင်ယူလေ့လာခြင်းသည် စိတ်ထဲတွင် ပန်းဥယျာဉ်လေးတစ်ခုကို စိုက်ပျိုးခြင်းနှင့်တူကြောင်း ဖတ်ရှုရမည့် "အိမ့်မြိုင်ရဲ့ စကားလုံးခရီး" ဝတ္ထုကဏ္ဍ၊ သူငယ်ချင်း၏ အဖေက အလွန်ဉာဏ်ကောင်းကြောင်း ပြောပြလိုက်သော မြဂျိုးအကြောင်း သရုပ်ဖော်ထားသည့် "မြဂျိုးနှင့် ဉာဏ်ကောင်းသော ဖေဖေ" တစ်မျက်နှာဟာသ ကာတွန်း၊ နေ့စဉ် သွားကို စနစ်တကျတိုက်ပေးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်း ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင် (မောင်တော) ၏ "သွားတိုက်ပါ" ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




စာ အုပ် စာ ပေ လူ့ မိတ် ဆွေ

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ခေတ်မီအဆင့်မြင့် သုမင်္ဂလာဈေး (ညံ့တောဈေး)၊ ပြင်ဦးလွင်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ခေတ်မီအဆင့်မြင့် သုမင်္ဂလာဈေး (ညံ့တောဈေး) ရှိ အောက်ဖော်ပြပါ အမျိုးအစားအလိုက်၊ နေရာအလိုက် တင်ဒါစနစ်ဖြင့် ငှားရမ်းပေးမည်ဖြစ်ပါသည်-

(က) **မြေညီထပ်**
- (၁) ဘဏ် - ၅ နေရာ
- (၂) Branded ဆိုင် - ၁၇ ဆိုင်
- (၃) သားငါးနှင့် ကုန်စိမ်း(အအေးခန်း) - ၂၆ ခန်း
- (၄) စားသောက်ဆိုင်ခန်း - ၃ နေရာ
- (၅) Super Market(Shopping Mall) - ၁ နေရာ

( ခ ) **ပထမထပ်**
- (၁) Branded ဆိုင် - ၅၀ ဆိုင်

( ဂ ) **စတုတ္ထထပ်၊ ပဉ္စမထပ်နှင့် ခေါင်မိုးထပ်**
- (၁) Restaurant & Snack Shop - ၁၅ ဆိုင်
- (၂) အခြားဆိုင်ခန်း - ၈၅ ဆိုင်
- (၃) ပဉ္စမထပ် လူ(၃၀၀)ဆံ့ မင်္ဂလာခန်းမ - ၁ နေရာ
- (၄) ခေါင်းမိုးထပ် ဆိုင်ခန်းများ၊

(ဃ) **မြေအောက်ထပ် ကား၊ ဆိုင်ကယ်ရပ်နားရန်နေရာ**

( င ) သုမင်္ဂလာဈေး(ညံ့တောဈေး)အပြင်နံရံများ၏ ဆိုင်းဘုတ်များ - ၃ နေရာ
- (၁) မန္တလေး-လားရှိုးလမ်းဘက်ခြမ်း - ၅ ခု
- (၂) မြို့ပတ်လမ်းဘက်ခြမ်း - ၁၀ ခု
- (၃) သုမင်္ဂလာလမ်းဘက်ခြမ်း - ၇ ခု

( စ ) LED ဆိုင်းဘုတ် ၂၈'x၁၆၅' - ၁ နေရာ

(ဆ) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - (၁၉-၉-၂၀၂၅) မှ (၁၀-၁၀-၂၀၂၅)ထိ
**အချိန်** - (၀၉:၀၀)နာရီ မှ (၁၇ : ၀၀ )နာရီထိ

( ဇ ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

( ဈ ) **တင်ဒါသွင်းရမည့်နေရာ** - ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂။ ဆိုင်ခန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အထပ်လိုက်သော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း ငှားရမ်းရန် တင်ဒါတင်သွင်းနိုင်ပါသည်။

၃။ အဆိုပါ ငှားရမ်းမည့်နေရာနှင့် ဆိုင်ခန်းများ၏ မျက်မြင်အခြေအနေကို သုမင်္ဂလာဈေးသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၉-၅၀၃၇၆၉၉**သို့ ဆက်သွယ်၍ ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဦးစီးကော်မတီ**

### တစ်ဦးတည်းဖြစ်ကြောင်း
ဘားအံမြို့နယ်၊ အထက (ခွဲ) ဘင်ဂျီရွာကြီးမှ ကျောင်းအုပ် ဒေါ်နန်းခင်သီစိုး(ခ)ဒေါ်နော်ခင်သီစိုး ၃/ဘအန(နိုင်)၀၀၄၃၅၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း
ဘားအံမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ဦးငွေစိုး(ခ) ဦးစောငွေစိုး ၃/ဘအန(နိုင်)၀၂၉၃၈၀မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း
အလကနတ်ကျွန်း(၂)မှ အလယ်တန်းကျောင်းအုပ် ဒေါ်အေဘီစိုး(ခ)ဒေါ်နော်အေဘီစိုး ၁၂/ကမရ(နိုင်) ၀၅၀၇၄၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း
မြိတ်ခရိုင်၊ မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်၊ အကွက်အမှတ်-၂၃(ခ)ကြောင်ငယ်ကွင်း၊ မြေကွက်အမှတ်(၆)၊ မြေဧရိယာ (၀ဒသမ၀၃၀)ကေအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၉-၈-၂၀၂၂)ရက်စွဲပါစာ အမှတ်( ၇၁၈၁/၂၀၀(၃)/၅-၃/ အဖရ(တနင်္သာရီ)ဖြင့် လျှောက်ထားမြေနေရာသည် မြေပေးမိန့်ချထားပေးပြီးဖြစ်ပါသဖြင့် ဂရန်လျှောက်ထားစေရေး ကာယကံရှင်အား ခေါ်ယူရှင်းလင်း ပြောကြားသွားရန် အကြောင်းကြားထားခြင်း၊ ဒေါ်ဝင်းယုမှ မြေငှားဂရန်(အသစ်) အမှုတွဲဖွင့်လှစ်ရန် လျှောက်ထားခြင်းအပေါ် ခွင့်ပြုသင့်ပါကြောင်း၊ မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြံပြုတင်ပြခဲ့မှုနှင့် စပ်လျဉ်း၍ **"မြေငှားဂရန်(အသစ်) တင်ပြလျှောက်ထားရန်"** ကာယကံရှင်ဖြစ်သူ ဒေါ်ဝင်းယုအား ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၏ ရှေ့မှောက်တွင် ခေါ်ယူရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဒေါ်ဝင်းယု (၆/မအရ(နိုင်)၁၁၁၃၈၂)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ သဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း
မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က)၊ စုံခေါင်းကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ်-(၅၆၃)၊မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃၀-၅-၂၀၂၂) ရက်စွဲပါစာအမှတ် ၅၀၇၀/၂၀၀(၃)/၅-၃/အဖရ(တနင်္သာရီ)ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် လျှောက်ထားစေရေး ကာယကံရှင်အား ခေါ်ယူရှင်းလင်းပြောကြားသွားရန် အကြောင်းကြားထားခြင်း၊ ဒေါ်ခိုင်နွယ်ဦးမှ မြေငှားဂရန်(အသစ်) အမှုတွဲဖွင့်လှစ်ရန် လျှောက်ထားခြင်းအပေါ် ခွင့်ပြုသင့်ပါကြောင်း မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ အကြံပြုတင်ပြခဲ့မှုနှင့်စပ် လျဉ်း၍ **“မြေငှားဂရန်(အသစ်)တင်ပြလျှောက်ထားရန်”** ကာယကံရှင်ဖြစ်သူ ဒေါ်ခိုင်နွယ်ဦးအား ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၏ ရှေ့မှောက်တွင် ခေါ်ယူရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထား နိုင်ရေး ဒေါ်ခိုင်နွယ်ဦး (၇/ဖမန(နိုင်)၁၃၆၂၅၁) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍(၃၀)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း
ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၅)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၇)၊ မြေကွက်အမှတ် (၇၅၀)၊ မြေချိန်ဧရိယာ(၀.၀၅၅)ဧကရှိမြေအား ဒေါ်ဖြူသက်နှင်း မှ ဂရန်သစ် မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဂရန်သစ် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၆၀၁)၊ ဧရိယာ(၀ဒသမ ၀၅၅) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးအောင်ဇော်မိုး ၉/ပမန(နိုင်) ၀၀၂၆၉၆မှ မြေငှားစာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်တိုးသရဖီအောင် ၉/တကန(နိုင်) ၁၅၈၇၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင် မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ မြို့မမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၁၀)ဧကရှိ မြေကွက်အမှတ် (ပ- ၂၂၀၀၀) ကို အမည်ပေါက် ဦးကျော်စွာဦး (ဘ)ဦးတင်ဦး ၉/မထလ(နိုင်) ၁၆၉၀၇၁မှ ဒေါ်အေးသီရိမွန်(ဘ)ဦးမြင့်အေး ၆/မခန(နိုင်)၁၄၀၈၃၇နှင့်မှတ်ပုံတင် အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း
မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၀)ရေပုန်းကွင်း၊ မြေကွက်အမှတ်(၂၁+၂၄)၊ စုစုပေါင်းမြေဧရိယာ (၀ဒသမ၀၆၈) ဧကအား တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ (၂၉-၆-၂၀၂၁)ရက်စွဲပါစာ အမှတ် (၃၈၆၄/၄၀၀(၁)/၅-၃/တစက (တနင်္သာရီ)ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားရန် မြေစာရင်းပုံစံ (၁၀၅)(၁၀၆)ရေးကူးခွင့်လျှောက်ထားသွားရန် ကာယကံရှင်အား ခေါ်ယူရှင်းလင်းပြောကြားသွားရန် အကြောင်းကြား ထား ခြင်း၊ ဦးအောင်ကျော်မြ၊ ဒေါ်စမ်းဝေတို့မှ မြေငှားဂရန်(အသစ်)လျှောက်ထား ခြင်းအား အမှုတွဲဖွင့်လှစ်ခွင့်ပြုသင့်ပါကြောင်း မြိတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အကြံပြုတင်ပြခဲ့မှုနှင့်စပ်လျဉ်း၍ မြေငှားဂရန်(အသစ်) တင်ပြလျှောက်ထားရန် ကာယကံရှင်ဖြစ်သူ ဦးအောင်ကျော်မြ၊ ဒေါ်စမ်းဝေ တို့အား ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၏ ရှေ့မှောက်တွင် ခေါ်ယူရှင်းလင်းပြော ကြားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက် ထားနိုင်ရေး ဦးအောင်ကျော်မြ ၆/မအရ(နိုင်) ၀၀၀၃၈၀၊ ဒေါ်စမ်းဝေ ၆/မမန (နိုင်)၁၃၀၆၁၀တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၃၀)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ ပန်းကုန်း ကျေးရွာအုပ်စု၊ ငါးနက်ပြာ ကျေးရွာနေ ဦးမြမောင်နှင့် ဦးစောမြမောင် ၁၂/ကမရ(နိုင်) ၁၂၇၄၉၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မြိတ်မြို့၊ အထက (ခွဲ) အလက(၇) Grade-6 မှ မခိုင် လင်းစိုး ၆/မမန(နိုင်)၂၈၆၀၂၂၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမင်းစိုး ၆/တသရ(နိုင်)၀၇၅၄၂၇ ဖြစ်ပါ ကြောင်း။ **ဦးမင်းစိုး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၆ယ/၉၆၀၄၆ အမျိုးအမည် Honda Wave 100 NCX အမျိုးအစား M/C ယာဉ် လက်ဝယ်ရှိသူ စောဂျက်စတင်း နီယား ၆/မမန(နိုင်)၁၃၇၁၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈၃ယ/၆၀၃၄၁, Sawasdee 115, M/C ယာဉ်လက် ဝယ်ရှိသူ ဦးသန်းမြင့် ၆/မအရ(နိုင်) ၀၈၁၆၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း ၃၀ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

### မိခင်အမည်မှန်
ပန်းတနော်မြို့နယ်၊ အထက ပေပင်ဆယ့်နှစ်ရွာ Grade-12မှ မောင်ထိုက်စံ၏ မိခင် အမည် မှန်မှာ ဒေါ်ရင်လှ ၁၄/ပတန (နိုင်)၂၁၄၉၄၂ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်
ပန်းတနော်မြို့နယ်၊ အထက ပေပင်ဆယ့်နှစ်ရွာGrade-12မှ စအိုင်ခလိမ်ပိုး၏ မိခင်အမည် မှန်မှာ ဒေါ်နန့်မြင့်စန်း ၁၄/ ပတန(နိုင်)၂၀၁၉၀၀ ဖြစ်ပါ ကြောင်း။

### မိခင်အမည်မှန်
ပန်းတနော်မြို့၊ အထက ပေပင်ဆယ့်နှစ်ရွာ Grade-12မှ နမ့်ရွှေရွှေထက်၏ မိခင် အမည် မှန်မှာ ဒေါ်နမ့်စမ်းစမ်းထွေး ၁၄/ပတန(နိုင်) ၀၈၂၆၃ဖြစ်ပါ ကြောင်း။

### အမည်မှန်
ဦးကျော်လွင်၏သမီး ပန်းတနော်မြို့နယ်၊ အထက ပေပင် ဆယ့်နှစ်ရွာ Grade-12မှ မသဲအိမွန်၏ အမည် မှန်မှာ နမ့်သဲအိမွန် ဖြစ်ပါ ကြောင်း။

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အမှတ် (၁၁) အခြေခံပညာ အလယ်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော အဘ ဦးဇင်ဝင်းထွန်း ၁၂/မဂဒ(နိုင်)၁၃၅၄၀၆ ၏သားဖြစ်သူ ကျောင်းဝင်အမှတ်(၀၆၀၇) မောင်ဇင်လင်းထွဋ်အား မောင်လင်း ထွဋ်အဖြစ် ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းထွဋ်**

### ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲစံပြကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်စိုင်းတင်းလောင်ဖနှင့် Grade-7 မှ မောင်စိုင်းခေးလှိုင်းဟန်၏ ဖခင်အမည်မှန်မှာ ဦးမောင်ရီ ၁/မကတ(နိုင်)၀၇၂၆၄၇ ဖြစ်ပါကြောင်း။ **ဦးမောင်ရီ**

### သမီးအဖြစ်မှ စွန့်လွှတ်ခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံ မြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်းနေ မိခင် ဒေါ်သောင်း ညွန့်၏သမီး မရီနွယ် ၁၂/ဒပန(နိုင်) ၀၄၈၉၈သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ပါသည်။ နောက်နောင် ၎င်းနှင့်ပတ် သက်သည့် ကိစ္စအဝဝအား လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-**
**ဒေါ်သောင်းညွန့်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၀ယ/၈၇၈၉၄ယာဉ် လက်ဝယ်ရှိသူ ဦးကျော် ဇေယျာမျိုး ၁၀/မလမ(နိုင်)၁၅၆၅၆၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၁၆၁)၊ ဦးအေးကြွယ် (၁၂/မဘန(နိုင်)၀၄၃၁၁၆) အမည်ပေါက် မြေချပါမစ်(မူရင်း)၊ ဧရိယာအကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)ရှိ ခြံမြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဦးကျော်မြင့်ထွန်း(၈/ပခက(နိုင်)၁၅၅၂၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းလွင်(၁၂/ပဘတ(နိုင်)၀၀၈၇၅၉)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန် ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ဦးသိန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)**
**အမှတ်-၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်လဲ့လဲ့ဝေ ၁၂/ကမတ(နိုင်) ၀၁၀၅၄၈ (ဘ)ဦးသောင်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၇၀၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ် ၂၃၀၃/၂၀၂၂ (၈-၆-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစည်သူအောင် ၁၃/နမတ(နိုင်) ၀၄၉၂၂၈ (ဘ) ဦးအောင်ဝင်းမှ ဒေါ်ဝင်းပပခိုင် ၁၄/ဟသတ(နိုင်)၀၀၄၀၀၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ ၊ မြေရာဇဝင်ရေးကူး ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့ ကယားပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေ ၅။ အခြား (ပြန်လည်ထူထောင်ရေး လုပ်ငန်းများ)ဖြင့် ဆောင်ရွက်မည့် ဝယ်ယူခြင်းဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ ထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါလျှောက်လွှာ** - ( ၁၉ - ၉ - ၂၀၂၅ )ရက်မှ
**ရောင်းချမည့်ရက်** ( ၂ - ၁၀ - ၂၀၂၅ )ရက်ထိ
**တင်ဒါလျှောက်လွှာ** - ( ၃ -၁၀ -၂၀၂၅)ရက် (၁၆:၀၀)နာရီ
**ပိတ်မည့်နေ့ရက်နှင့်အချိန်**
**တင်ဒါတင်သွင်းရမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
တင်ဒါဖွင့်လှစ်မည့်နေရက်နှင့် အချိန်နေရာတို့အား ထပ်မံကြေညာပါမည်။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကယားပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၆)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၈)၊ မြေကွက်အမှတ်(၆၂၃)၊ မြေဧရိယာ(၀.၁၈၄)ဧကရှိမြေအား ဦးစိုး မှ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ အထက (မြို့မ)ကျောင်း Grade-12 မှ မဖြူသွဲ့ရှင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးနိုင် ၈/ဂဂန(နိုင်) ၀၆၅၅၅၇ ဖြစ်ပါကြောင်း။

**ဦးအောင်မိုးနိုင်**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ အလက(မြောက်ကုန်း)ကျောင်း Grade-9 မှ (ဘ) ဦးရွှာဆ ၄/မတပ(နိုင်)၀၁၂၅၉၄ ၏သား မောင်ဖွာသင်းထန် ၏ အမည်မှန်မှာ ဖောင်ဖွာသိန်းထန် ဖြစ်ပါကြောင်း။ **မောင်ဖွာသိန်းထန်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၉-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ(၂၉)ကျောက်ဆည်ခရိုင် တရားရုံးတော်၏ ကြော်ငြာစာ ကြော်ငြာတွင် ရုံးတော်က ဒေါ်နွဲ့နွဲ့ဖြူ အစား ဒေါ်နွဲ့နွဲ့ကြူဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

(ဘ)ဦးကျော်သိန်းနိုင်၏ သမီး၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အောင်ပန်းနယ်လ်ဆင် ကိုယ်ပိုင်ကျောင်း Grade-5 မှ မကြယ်စင်မိုးမြင့်အား ယနေ့မှစ၍ မဆုယွန်းဝတီနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ အကွက်အမှတ် -၉(က)မြစ်ငယ်ကွင်း၊ ဦးပိုင်အမှတ်-(၂က/၁၂)၊ (၂က/၁၃) စုစုပေါင်းမြေဧရိယာ သုည ဒသမ ၀၅၉ ဧကအား တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ၏ (၂-၆-၂၀၂၁) ရက်စွဲပါစာအမှတ် ၂၉၂၀/ ၄၀၀(၁)/၉-၁/တစက(တနင်္သာရီ)ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားရန် မြေစာရင်းပုံစံ (၁၀၅) (၁၀၆)ရေးကူးခွင့်လျှောက်ထားသွားရန် ကာယကံရှင်အား ခေါ်ယူရှင်းလင်းပြောကြားသွားရန် အကြောင်းကြားထားခြင်း၊ ဒေါ်မြသန်း မှ မြေငှားဂရန် (အသစ်) အမှုတွဲဖွင့်လှစ်ရန် တင်ပြချက်အပေါ် ခွင့်ပြုသင့်ပါကြောင်း မြိတ်မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြံပြုတင်ပြခဲ့မှုနှင့်စပ်လျဉ်း၍ "မြေငှားဂရန်(အသစ်) တင်ပြလျှောက်ထားရန်" ကာယကံရှင်ဖြစ်သူ ဒေါ်မြသန်းအား ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၏ရှေ့မှောက်တွင် ခေါ်ယူရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဒေါ်မြသန်း ၆/မအရ(နိုင်)၀၈၂၇၅၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၃၀ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/46131, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦးက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ငြင်းချက်ထုတ်ရန် ဆင့်စာ

## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)

## ထားဝယ်ခရိုင်တရားရုံးတော်၌

## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

ဒေါ်မာမာချို နှင့် ဦးသူရမောင်နီ
(တရားလို) (တရားပြိုင်)

ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်ကွက်တွင်နေထိုင်သူ ဦးသူရမောင်နီ(ယခု နေရပ်လိပ်စာမသိ) သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သည့် ဒေါ်မာမာချိုက သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၁၂ အရ ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင် ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁ ရက်(၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စုငြိမ်းမွန်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ထားဝယ်ခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှု စိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်း Grade-12မှ မငွေဇင်ဦး ၅/မမတ(နိုင်)၁၂၃၂၉၇ ၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်သန်းနှင့်ဦးဘိုသန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဗိုလ်သန်း(ခ)ဦးဘိုသန်း**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မော်လမြိုင်မြို့၊ အမက (အုတ်ဖို) ကျောင်း Grade-2 မှ ဦးအာဘူခိုရ်၏သား အမည်မှန်မှာ မောင်ဇော်မင်းနိုင်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၉-၇-၂၀၁၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ) လှိုင်ဝ Grade-12 မှ မဖြူစင်မွန်၏ ဖခင်အမည်မှန်မှာ ဦးစန်းနေထူး ၂/ဒမဆ(နိုင်)၀၃၇၅၄၁ ဖြစ်ပါကြောင်း။ **ဦးစန်းနေထူး**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမက (အုတ်ဖို)ကျောင်း Grade-2မှ မောင်ဇော်မင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးအာဘူခိုရ် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်း(၃၇)ဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်နွယ်နွယ်မြင့် ၁၂/ဗဟန(နိုင်) ၀၂၇၀၁၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်စိုး ၁၂/ဗဟန(နိုင်) ၀၈၃၈၃၃က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဌေး (စဉ်-၁၁၉၈၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂)၊ အောင်သစ္စာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၃၁၈၉၉၃၂၊ ၀၉-၇၉၉၈၈၃၈၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၂)လမ်း၊ အပိုင်း(၃)၊ အမှတ်(၇၆၄)၊ (၆)လွှာ B တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီဂီနိုင် (၁၁/တကန(နိုင်) ၀၅၉၃၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ခိုင်လင်း (၁၂/ဒဂရ(နိုင်)၀၀၄၇၂၀)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများ နှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/1443 ယာဉ်လက်ဝယ်ရှိသူ Pncyker Trading Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ကွင်းအမှတ်-၁(ခ)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၁၂၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၃/၂၀၂၁-၂၀၂၂ အရ ဦးထင်ကျော်အောင်၊ ဒေါ်ဝတ်ရည်ဝင်း တို့အမည်ဖြင့် ရရှိခဲ့ပြီး (၂၁-၁၀-၂၀၂၅)ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်အား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးထင်ကျော်အောင် ၆/မမန(နိုင်)၁၃၁၁၇၂၊ ဒေါ်ဝတ်ရည်ဝင်း ၆/မအရ(နိုင်)၁၁၃၂၈၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါ သည်။

**ကော်လီတွေ့ာ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးတောင်ပိုင်းလမ်း၊ တိုက်အမှတ် (၅၃)၊ အခန်း အမှတ် - (3 - B) ဟုခေါ်တွင်သောတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပူးတွဲဝယ်ယူခဲ့သူ Mr.Jockshan Saah Foryoh က (၁၈-၁-၂၀၂၂) ရက်စွဲပါစာချုပ်ဖြင့် ယင်းတိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးတိုင်စွန့်လွှတ်၍ ဒေါ်ခိုင်ပြည့်စုံ (၇/ပမန (နိုင်) ၁၃၄၀၇၈) အား လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သဖြင့် လက်ဝယ်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း တင်ပြဝန်ခံသူ ဒေါ်ခိုင်ပြည့်စုံ [၎င်း၏ကိုယ်စား ဖခင်ဖြစ်သူ ဦးထင်အောင် (၇/ပမန (နိုင်) ၀၆၄၇၃၆)ကတာဝန်ယူလက်မှတ်ရေးထိုးပါသည်။] က အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium : အမှတ် (၃၃/၄၉) ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၅၀၀ ၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက(ခွဲ) သရက်ပင်ကွင်း၊ Grade-12တွင် ပညာသင်ကြားနေသော နမ့်သဥ္ဇာဦး ၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင်စိုး ၁၄/အမန(နိုင်) ၁၁၁၃၆၀ ဖြစ်ပါကြောင်း။ **ဦးသန်းအောင်စိုး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက-ရွာသစ်၊ Grade-12တွင် ပညာသင်ကြားနေသော မစုသက်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးဗပြဲ ၁၄/အမန(နိုင်)၀၂၇၃၁၃ဖြစ်ပါကြောင်း။

**ဦးဗပြဲ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ကွင်း/မြေတိုင်းအမှတ် (၁.B)၊ ကွင်းအမည်(ရှမ်းပိုင်းရပ်)၊ ဦးပိုင်အမှတ်(၇ᵉ)၊ ဧရိယာ (၀.၀၆၄)ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်တင်စန်းမှ အမည်ပြောင်း လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ဒေါ်တင်စန်း**
**ဖုန်း-၀၉ - ၇၉၇၁၈၅၅၃၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၉၂၈)၊ အလျား x အနံ (၄၀x၆၀)ပေ အကျယ်ရှိ ဦးသိန်းတင်/ ဦးရဲမြင့် အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန် ခံသူ ဦးသန်းဇော်ဝင်း ၁၄/အမန(နိုင်)၁၄၁၂၁၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင် ဝင်း ၁၂/ဒလန(နိုင်) ၀၀၂၃၃၇က ပြန်လည်ဝယ်ယူရန် အတွက်၎င်းအား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူ သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L,D.I.PL)** | **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B,D.I.P.L)** |
| **(စဉ်-၁၄၆၆၈)** | **(စဉ်-၁၈၇၂၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၇၀၇၅၁၁၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၉)၊ မြေကွက်အမှတ်-(၈၄/ခ) ၊ အကျယ်အဝန်း ( ၂၀ x ၆၀ )ပေ၊ ( အရပ်အခေါ် အမှတ် (၈၄/ခ)၊ စစ်တွေလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်) ဟု ခေါ်တွင်သော ဒေါ်တင်မြင့်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောင်+ရေမော်တာ+မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်းထွေး(၈/နမန(နိုင်)၁၄၀၃၆၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူ ရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်သည့်ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L. D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၀၂/၂၀၂၃)**
**တိုက်-၃၉၀/၄၊ စက်မှု (၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၄၇၉)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦး ထင်အောင် (ဘ)ဦးညွန့်သောင်း ၁၂/မဂဒ(နိုင်) ၁၀၀၆၀၄ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ် ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးရဲထွန်း(ဘ)ဦးထွန်း အောင်ကျော် ၁၂/တမန(နိုင်) ၀၀၂၂၇၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာ လအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေ ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ ထပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်မြင့်အေး (ကိုယ်ပိုင်အမှတ် ၆၀၆၈၉၄)၊ ၁၂/ဒဂန(နိုင်)၀၁၂၀၀၂ (ဘ)ဦးတိုးစီ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၅၇၁၆ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံသမီးဖြစ်သူ ဒေါ်နွယ်နွယ်ထွန်း ၁၂/မဂတ(နိုင်)၀၈၉၃၇၆ (ဘ) ဦးမြင့်အေးမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊ တပ်ကြပ်မြင့် အေး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အမက (၂)နေ မသွန်းရတီ (G-3)၏ ဖခင်အမည်မှန်မှာ ဦးဝေယံမြင့် ၅/မလန(နိုင်)၀၄၀၁၃၈ ဖြစ်ပါကြောင်း။

**ဦးဝေယံမြင့်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အထက(မှတ်တိုင်) Grade-12 တွင် ပညာသင်ယူလျက်ရှိသော မပိုးသာဖြူ၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထိုက် ၇/ပတတ(နိုင်)၁၄၉၉၄၂ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ထိုက်**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက(၁) G-10 မှ မနှင်းရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွေး ၁၄/မမက(နိုင်) ၁၅၅၉၃၁ ဖြစ်ပါကြောင်း။

**ဦးတင်ထွေး**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း Grade-12(B)မှ မအိအိခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စမ်းဝင်း ၇/ပတတ(နိုင်) ၁၈၃၅၉၇ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖားဆောင်းမြို့၊ တောင်ပိုင်းရပ်ကွက်နေ မသဇင်စိုး (၂/ဖဆန(နိုင်)၀၁၁၇၆၀) နှင့် မထွေးထွေးကြည်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မသဇင်စိုး(ခ)**
**မထွေးထွေးကြည်**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ရွှေသင်း (အထက) Grade-12 မှ မအိခိုင်ဇင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး ၅/ငဇန(နိုင်) ၀၁၁၉၄၁ ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ဦး**

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထကချောင်းကလေး Grade-12 မှ စရဲထွဋ်ဦး၏ ဖခင် ဦးမျိုးဇော်ထွန်း ၁၄/ပတန(နိုင်)၁၅၅၅၃၆ ၏ အမည်မှန်မှာ ဦးအထွဋ်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ (၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂ )၊ မြေကွက်အမှတ် (၂၇၄)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဦးအောင်ကိုကိုမှ ဦးအောင်ကိုကို မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးအောင်ကိုကို မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/5766, Toyota Kluger ACU 20, S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်မင်းဖြိုး ၁၀/မလမ(နိုင်)၂၀၃၀၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း -၂၊ မြေကွက်အမှတ်(၁၃၉၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဒေါ်အေးစန်း၊ ၉/ပမန(နိုင်)၀၉၂၁၂၂ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးထွန်းလင်းအောင် ၁၂/မဂဒ(နိုင်)၁၁၁၀၁၂ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ရေဖြူကန်ကျေးရွာအုပ်စု၊ ကျူချောင်းအရှေ့ ကျေးရွာနေ ကျွန်မ ဒေါ်ရီရီဝင်း၏သမီး နော်အေမီ ၇/ညလပ(နိုင်)၀၅၉၉၁၉သည် မိဘညီအစ်ကို မောင်နှမများအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခြင်း၊ ပြောဆိုဆုံးမမှုကိုနာခံမှုမရှိသည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ နော်အေမီနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် ရာသက်ပန်သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း နော်အေမီနှင့် အများသိစေရန် ကြေညာပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ရီရီဝင်း**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်၊ ဆရာစံပလာဇာရှိ Kaung Myanmar Aung Limited လက်အောက်ရှိ KMA Shwe Pyi Bago Resort, KMA 115 Miles Hotel, KMA Kaytumadi Hotel တို့၏ ဟိုတယ်လုပ်ငန်းလိုင်စင်များအား ဒေါ်ခင်ကြူအေး အမည်သစ်သို့ ပြောင်းလဲခြင်းအား ဒေသဆိုင်ရာ ခရီးသွားကော်မတီ (ပဲခူးတိုင်းဒေသကြီး) ထံ တင်ပြလျှောက်ထား ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤသတင်းစာ ကြေညာပါသည့်နေ့မှ (၁၄) ရက်အတွင်း အကျိုးအကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ယင်းရက်ထက်ကျော်လွန်ပါက ဟိုတယ်လုပ်ငန်း လိုင်စင်များအား အမည်ပြောင်းလဲခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Kaung Myanmar Aung Limited**
**ဆက်သွယ်ရန်- 01 401480, 81, 82, 83**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၅**

ဦးခင်မောင်ဝင်း — နှင့် — ၁။ ဦးစိန်ထွန်း ၂။ ဒေါ်အိမ်ခိုင်ညို

(တရားလို) — (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၄၉၂)ရပ်နေ (ယခုနေရပ်လိပ်စာမသိသူများ) တရားပြိုင်များဖြစ်သည့် ဦးစိန်ထွန်း၊ ဒေါ်အိမ်ခိုင်ညိုတို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်၊ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)၊ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၅)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသွယ်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အများသိစေကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အင်းစိန်လမ်း၊ အခန်းအမှတ်(၂၂၈)တွင် ဖွင့်လှစ်ထားသည့် "BEAUTY RECIPES" အလှကုန်ပစ္စည်းအမျိုးမျိုး ဖြန့်ဖြူးရောင်းချလျက်ရှိသော အမည်ရှိသောဆိုင်နှင့် "BEAUTY RECIPES" Cosmetics Wholesale & Retails Online Pageသည် ဒေါ်ဆုမြတ်ဝေနှင့် ဒေါ်ချိုသိမ့်ဇွန်တို့ နှစ်ဦးနှင့်သက်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ "လုံးဝ" မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "BEAUTY RECIPES"အမည်အား အသုံးချ၍ ဆင်တူယိုးမား Page အတုများထောင်ခြင်း၊ ဆိုင်၏အမည်အား အသုံးပြု၍ ကုန်ပစ္စည်းများမှာယူတင်သွင်း၊ ရောင်းချခြင်းများအား ဒေါ်ဆုမြတ်ဝေနှင့်ဒေါ်ချိုသိမ့်ဇွန်တို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ ထိုသို့ ပြုလုပ်ဆောင်ရွက်ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်ဝါဦး(ခ)ပွင့်ဝါဖူး (LL.B,D.IP.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၃၇/၂၀၁၉)**
**အမှတ်(၁၁၂)၊ သုခုမလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၁၄၁၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၁၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁-က/မြောက်ပိုင်း)၊ ဦးပိုင်အမှတ်(၁/၈ခ)၊ မြေဧရိယာ (၀ဒသမ၀၄၄)ဧကရှိ မြေအား ဒေါ်မေသူစိုးအမည်ဖြင့် လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်)၊ လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

